


ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ဟောကြားတော်မူသောတရားတော်

# ဉာဏ်ကလေးနဲ့ ခေါင်းညိတ်စမ်းပါ

(အနတ္တလက္ခဏာဉာဏ်)

(၁၉၊၃၊၆၀)

၁၃၃

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ဟောကြားတော်မူသောတရားတော်

# ဉာဏ်ကလေးနဲ့ခေါင်းညိတ်စမ်းပါ

## (အနတ္တလက္ခဏာဉာဏ်)

THITSARPARAMI LIBRARY
Date ..............................

(၁၉-၃-၆၀)

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မန္တလေးမြို့၌ ဟောကြားတော်မူသောတရားတော်

# ဉာဏ်ကလေးနဲ့ခေါင်းညိတ်စမ်းပါ
## (အနတ္တလက္ခဏာဉာဏ်)

(၁၉-၃-၆၀)

မနေ့က ဒကာဒကာမတွေ ဟောခဲ့ပါတယ်တဲ့၊ သင်္ခါရတရားလို့ဆိုတာ ဘာပါလိမ့်မတုံးလို့ မေးတဲ့အခါကျ တော့၊ ခန္ဓာငါးပါးလို့ မနေ့ညက ပြောကြတယ်။ သင်္ခါရ တရားဆိုတာ ဘာပါလိမ့်. . . (ခန္ဓာငါးပါးပါဘုရား)။

ကောင်းပြီ သင်္ခါရတရားဆိုတာ ခန္ဓာငါးပါးကိုဆို တယ်၊ ဒါဖြင့် ဒကာဒကာမတွေ ခန္ဓာငါးပါးဟာ သူများပြုပြင် လို့ဖြစ်တဲ့ ခန္ဓာငါးပါး. . . (မှန်လှပါဘုရား)။

## ခန္ဓာငါးပါးဟာ သစ္စာရတရား

ဒါဖြင့် ဒီထဲမှာ မိမိစွမ်းရည်သတ္တိမပါဘူးပေါ့. . . (မ ပါပါဘူးဘုရား)။ မိမိစွမ်းရည်သတ္တိမပါတဲ့ ခန္ဓာငါးပါး ဘာတရားခေါ်ကြမယ်. . . (သစ္စာရတရားပါဘုရား) သစ္စာရ တရား။

ဩော်. . . ခုတရားနာပြီးနေကြတဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သူ့တစ်ပါးမှီပြီးသကာလ နေရတဲ့ ခန္ဓာငါးပါးလား၊ ဒါကြောင့် သစ္စာရတရားလို့ မှတ်ကြပါ. . . (မှန်လှပါဘုရား)။

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သဗ္ဗေ သစ္စာရာ၊ သဗ္ဗေ = အလုံးစုံကုန်သော၊ သစ္စာရာ = မင်းတို့ခန္ဓာငါးပါး တို့သည်ဆိုတော့ ဦးခင်မောင်ကိုက်ပြီလား. . . (ကိုက်ပါတယ် ဘုရား)။

ကောင်းပြီ ဒါမနေ့က ဒကာဒကာမတွေ တရားစကာ ဖြစ်နေလို့ သစ္စာရ ပြောခဲ့ရာမှာ မစုံတတ်သေးလို့ ဒီနေ့သစ္စာရ တရားကို အစုံပြန်ပြောဦးမယ်. . . (မှန်လှပါဘုရား)။

ခန္ဓာငါးပါးဟာ ဘာတရားခေါ်ကြမတုံး. . . (သစ္စာရ တရားပါဘုရား)။ ဩော်. . . ဒါဖြင့် ခန္ဓာငါးပါးဟာ သစ္စာရ တရားဆိုတာတော့ သဘောကျသွားပြီ။

## အကြောင်းတရားလေးပါးကပြုပြင်တယ်

သူ့ပြုပြင်တဲ့ တရားကဘယ်နှစ်ပါးပါလိမ့်. . . (လေးပါးပါဘုရား)။ ကံရယ်၊ စိတ်ရယ်၊ ဥတုရယ်၊ အဟာရရယ်။ ကံ၊ စိတ်၊ ဥတု၊ အဟာရရယ်ဆိုတာ အကြောင်းတရားလေးပါးလို့ ဒကာဒကာမတွေ မှတ်ထားလိုက်တာပေါ့. . . (မှန်လှပါ)။

ဒီတရားလေးခုက ပြုပြင်လို့ပေါ်လာတဲ့ ခန္ဓာငါးပါးလို့ မှတ်ထားပါ. . . (မှန်လှပါဘုရား)။

ကောင်းပြီ ဒါဖြင့်၊ ဒီတရားလေးခုက ကံဆိုတာသည် ဒကာဒကာမတို့၊ ဒီဒကာ ဒကာမတွေ၏ ရုပ်နာမ်ရှိတဲ့အနက်က၊ ကံကရုပ်ကို ပြုပြင်တယ်လို့ မှတ်ထားလိုက်တာပေါ့. . . (မှန်လှပါ)။

နာမက္ခန္ဓာလေးပါး အသာထားလိုက်၊ ရုပ်တရားဘယ်သူကပြုပြင်တာပါလိမ့်. . . (ကံကပြုပြင်တာပါဘုရား)။

## ရုပ်တရားကိုကံကပြုပြင်တယ်

ဩော် ရုပ်တရားကံကပြုပြင်တယ်ဆိုတာ ဟုတ်သားပဲ၊ မျက်စိအကြည်ရုပ်ကလေးကို ကမ္မဇရုပ်လို့ ခေါ်တယ်။ နားအကြည်ရုပ်၊ နှာခေါင်းအကြည်ရုပ်၊ လျှာအကြည်ရုပ်၊ ဟဒယဝတ္ထုဆိုတဲ့ရုပ်။

အဲဒါတွေဟာ ကံကလုပ်ပြီး သက္ကာလထားတော့ မိမိတို့၏ မျက်လုံးလို့၊ မိမိတို့၏ နားလို့ကြားတတ်တာလေးတွေ မှတ်မထားပါနဲ့၊ . . မိမိနဲ့ဘာမှ မဆိုင်ပါဘူး။ ကံကပြုပြင်ထားတာလို့ မှတ်လိုက်ပါ. . . (မှန်ပါ့)။

ဒီတစ်ကိုယ်လုံးမှာလည်း စိတ်တွေ တစ်ခါတလေ မိတ်ကြည်ရင် ရုပ်ကြည်တယ်ဆိုတာ ဒကာဒကာမတွေ ကိုယ့်ဟာကိုယ်အကဲခတ်ရင် သိပါတယ်. . . (မှန်လှပါ)။

## စိတ်ကလည်းလုပ်တယ်

စိတ်ကြည်ရင်. . . (ရုပ်ကြည်ပါတယ်ဘုရား) ဒါဖြင့် စိတ်ကဖြစ်တဲ့ ရုပ်တရား၊ ဒါဖြင့်ရုပ်တရားမှာ ကံကလည်းလုပ်ထားတယ်၊ စိတ်ကလည်း လုပ်ထားတယ်။

## ဥတုကလည်းလုပ်တယ်

ဥတုတွေက ပူတယ်၊ အိုက်တယ်ဆို ဒကာဒကာမတွေက ရုပ်တရားညှိုးပြီးသက္ကာလနေကြတယ်၊ အဲဒီညှိုးရုပ်တွေဟူသ၍ကလည်း သြော်. . . ဥတုကလုပ်တာပါလား။

စားသောက်ကောင်းပြန်တော့ ဝဖြိုး၊ စားသောက်မကောင်းပြန်တော့ ပိန်ခြောက်၊ ဦးဝရေ ဒီလိုမနေဘူးလား. . . (နေပါတယ်ဘုရား)။

## အဟာရကလည်းလုပ်တယ်

အဲဒါတွေကျတော့ ဒကာဒကာမတွေက မှတ်လိုက်တာပေါ့။ အဟာရကြောင့်ဖြစ်တဲ့ရုပ်. . . (မှန်ပါ့)။

ဪ. . . ဒါဖြင့် ရုပ်မှာ ကိုင်တွယ်ရတဲ့ ဒကာ ဒကာမတွေ ရုပ်မှာ၊ ချိန်တွယ်ရတဲ့ရုပ်မှာ အကြောင်းလေးပါးရှိတယ်. . . (မှန်လှပါ)။

ရုပ်မှာအကြောင်း ဘယ်နှစ်ပါးပါလိမ့်. . . (လေးပါပါဘုရား)။ ဒါဖြင့် ဒါရုပ်သင်္ခါရတရား၊ ရုပ်သင်္ခါရတရားမှာ အကြောင်းလေးပါးက ဦးခင်မောင်ပြုပြင်တယ်. . . (မှန်လှပါ)

နာမ်သင်္ခါရတရား ယနေ့အထူးထည့်ပေးရမယ်. . . (မှန်လှပါ) ရုပ်သင်္ခါရတော့ဖြင့် ဦးခင်မောင်ရေ ကံ၊ စိတ်၊ ဥတု၊ အဟာရ ကျေနပ်ကြပလား. . . (ကျေနပ်ပါတယ်ဘုရား)

ရုပ်သင်္ခါရမှာတော့ ဘယ်သူပြုပြင်ပါလိမ့်. . . (ကံ၊ စိတ်၊ ဥတု၊ အဟာရက ပြုပြင်ပါတယ်ဘုရား)။

ဒါဖြင့် ဘုရားတပည့်တော်တို့ သန္တာန် နာမက္ခန္ဓာတရားလေးပါး၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဆိုတဲ့ စိတ်တွေလည်းရှိပါတယ်။

အဲဒါတွေကျတော့ ဘယ်သူကများပြုပြင်လို့ တပည့်တော် သန္တာန်မှာ ပေါ်ရပါလိမ့်မတုံးဆိုတော့၊ ဦးခင်မောင်ရေ ဒီလေးပါးလည်း ပြောရလိမ့်မယ်. . . (မှန်လှပါ)။

ဒါဒီလေးပါး မနေ့ကကျန်နေတဲ့အတွက် ဒီတရားပြန်ဆက်လို့ အောက်မေ့ရလိမ့်မယ်. . . (မှန်လှပါဘုရား)။

ရုပ်သမုဋ္ဌာန်ရမှာအကြောင်းဘယ်နှစ်ပါးပါလိမ့်. . . (လေးပါးပါဘုရား) ဩော်. . . ရုပ်သမုဋ္ဌာန်ရမှာ အကြောင်းလေးပါးကပြုပြင်တော့၊ ဒကာဒကာမတွေ ရုပ်က ကံကသေဆိုလည်း သေလိုက်ရုံပဲနော်. . . (မှန်ပါ့)။

ကံကနေ အစားထိုးလို့ရှင်ဆိုလည်း. . . (ရှင်ရမှာပါဘုရား)။

## ကံ၊ စိတ်၊ ဥတု၊ အဟာရကပြုပြင်ထားတဲ့ရုပ်

စိတ်ကနေပြီး ရုပ်ကို ရွှင်လန်းလိုက်ဆို၊ ရွှင်လန်းလိုက် ရုပ်တွေ ခုပဲပေါ်လာတာ. . . (မှန်လှပါ)။

စိတ်ကခုပဲ ညှိုးသွားလို့ရှိရင် တစ်ခါတည်း ဒကာဒကာမတွေ ရုပ်တွေ ညှိုးလိုက်လာတယ်. . . (မှန်လှပါ)။

ဩော်. . . ဒါဖြင့် စိတ်သမုဋ္ဌာန်ကလည်း စိတ်ကလည်း ပြုပြင်တဲ့သမုဋ္ဌာန်တရားဖြစ်သောကြောင့်၊ ဒကာဒကာမတွေ ရူပက္ခန္ဓာဆိုတဲ့ ရုပ်တရားသည်၊ သူများပြုပြင်တိုင်းခံရသော

ကြောင့် သင်္ခါရလို့ပဲ မှတ်ထားလိုက်တာပေါ့. . . (မှန်လှပါ)။

ဥတုကပြုပြင်တာကော. . . (ခံရပါတယ်ဘုရား)။

ဥတုကအေးဆိုရင် အေးရုပ်တွေပေါ်လာတာ၊ ဥတုကပူတယ်ဆိုရင်. . . (ပူရုပ်တွေပေါ်လာတာပါဘုရား)။

အဲဒါ ဥတုကပြုလုပ်ထားတဲ့ သင်္ခါရတရားဆိုရင်လည်း ငြင်းဖို့မလိုဘူး. . . (မလိုပါဘူးဘုရား)။ အဟာရကပြုလုပ်ထားတဲ့သင်္ခါရတရားဆိုရင်ကော. . . (ငြင်းဖို့ မလိုပါဘူးဘုရား)

ကောင်းပြီ ဒါဖြင့်ရုပ်တရားမှာ အကြောင်းဘယ်နှစ်ပါးတုံး. . . (လေးပါးပါဘုရား)။

ဒါဖြင့် လေးပါးပြုပြင်လို့ ပေါ်လာတဲ့ တရားဖြစ်သောကြောင့် ဒကာ ဒကာမတွေရုပ်မှာ ဘယ်ရုပ်မဆိုသင်္ခါရတရားလို့မှတ်လိုက်စမ်းပါ. . . (မှန်လှပါဘုရား) သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ကောင်းပြီ ဒါ သင်္ခါရတရားလို့မှတ်ထားတော့၊ ရုပ်သင်္ခါရတော့ ရှင်းသွားတော့. ဦးခင်မောင်တို့က နာမ်သင်္ခါရ တရားလေးပါးကျန်တယ်၊ နာမ်သင်္ခါရတရား လေးပါးကတော့ ဒကာ ဒကာမတို့ ဘယ်သူ့ကြောင့် ပေါ်သတုံးလို့မေးဖို့မလိုဘူးလား. . . (လိုပါတယ်ဘုရား)။

## နာမ်ဆိုတာ အာရုံဒွါရကြောင့်ဖြစ်တယ်

သူလည်း ပြုပြင်လို့ ပေါ်လာတဲ့တရားဖြစ်သော ကြောင့်၊ နာမ်သခင်္ခါရမှာတော့ ဒကာ ဒကာမတွေက မှတ်လိုက်တာပေါ့။ နာမ်ဆိုတာသည် ဒကာ ဒကာမတို့ အာရုံဒွါရ ကြောင့်ဖြစ်သည်လို့ မှတ်ထားလိုက်တာပေါ့. . . (မှန်လှပါ)။

အကျဉ်းချုပ်ဘယ်လိုမှတ်ထား. . . (အာရုံဒွါရ ကြောင့် ပါဘုရား) ဦးခင်မောင်ရေ အာရုံဒွါရကြောင့်နော် . . . (မှန်လှပါ)။

နာမ်လေးတွေပေါ်တိုင်းပေါ်တိုင်း ဘယ်သူ့ကြောင့် ပါလိမ့်. . . (အာရုံဒွါရကြောင့်ပါဘုရား)။ လောကီဥပမာ ပြောကြပါစို့လို့ရှိရင်ဖြင့်၊ ဆိုင်းတီးတဲ့လူများမှာ လင်းကွင်းနှစ်ခု ကို ဒီအတိုင်းကိုင်နေတုံးက မြည်တဲ့သဘောမပေါ်လာဘူး . . . (မပေါ်ပါဘုရား)။

## အာရုံဆိုတာ

နှစ်ခုထိခိုက်တဲ့အခါကျတော့. . . (ပေါ်လာပါတယ် ဘုရား) အဲ နာမ်ဓမ္မဟာလည်း နှစ်ခုထိခိုက်တဲ့ အခါကျမှပေါ် သလို အာရုံဆိုတာ ဒီကိုယ့်ခန္ဓာကိုယ်ထဲမှာ ရှိတယ်။

## ဒွါရဆိုတာ

ဒွါရဆိုတာလည်း မျက်လုံးအကြည်ရုပ်ကလေး၊ နားအကြည်ရုပ်၊ ကိုယ်အကြည်ရုပ်၊ မနောအကြည်ရုပ်ဆိုတာက အခံဘက်က. . . (မှန်လှပါ)။

ဟိုက အဆင်းတို့၊ အသံတို့အမျိုးမျိုးက အတိုက်ဘက်ကပေါ့ဗျာ. . . (မှန်လှပါ) အဲတော့ အခံနဲ့အတိုက်နှစ်ခုတိုက်မှသာလျှင် မြင်စိတ်တို့ပေါ်နိုင်တယ်၊ ကြားစိတ်တို့ပေါ်နိုင်တယ်၊ နံစိတ်၊ စားစိတ်၊ ကြံစိတ်၊ စည်စိတ် အကုန်ပေါ်နိုင်တယ်. . . (မှန်ပါ့)။

ဒါဖြင့် နာမက္ခန္ဓာလေးပါးကတော့ဖြင့် အကြည်ခြောက်ပါးနဲ့ အာရုံခြောက်ပါးတိုက်လို့ ပေါ်တာပေါ့. . . (မှန်လှပါ)။ ဦးခင်မောင် ဘယ်လိုမှတ်ပါ့၊ (အကြည်ခြောက်ပါးနဲ့ အာရုံခြောက်ပါးတိုက်လို့ ပေါ်တာပါဘုရား) ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

## နာမက္ခန္ဓာလေးပါးက တစ်ပြိုင်နက်ပေါ်တယ်

ဒါဖြင့် နာမက္ခန္ဓာလေးပါးကလည်း သူ့မှာနှစ်ခုသော အကြောင်းကြောင့် ပေါ်လာရသည် ဖြစ်လေသောကြောင့်၊ သူတို့လေးခုကတော့ တစ်ပြိုင်နက် ပေါ်တာလို့မှတ်နော်. . . (မှန်လှပါဘုရား)။

ကောင်းပြီ ဒကာဒကာမတို့ နာမ်တရားကတော့ကို အကြည်ခြောက်ခု မျက်လုံးထဲမှာ မျက်လုံးအကြည်ရုပ်က လေးရှိတယ် . . . (မှန်ပါ့)။

## အကြည်ခြောက်မျိုး

နား အကြည်ရုပ်ကလေးရှိတယ်၊ ဒါလေးရှိလို့ ကြားတာနော် (မှန်လှပါ)။ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ မနောအကြည်ဆိုတဲ့ ဦးခင်မောင် အကြည် ဘယ်နှစ်မျိုးရှိတုံး . . . (ခြောက်မျိုးပါဘုရား)။

အကြည် ခြောက်မျိုးနဲ့ အပြင်ဘက်က မျက်လုံး အကြည်ဒဲ့ ရူပါရုံနဲ့တည့်နေပြီ၊ ထိခိုက်ပြီဆိုမှဖြင့် မြင်စိတ် ကလေးပေါ်တယ် (မှန်ပါ့)။ မြင်စိတ် နာမက္ခန္ဓာလေးပါး . . . (မှန်ပါ့)။

ထို့အတူ နားအကြည်နဲ့ အသံနဲ့ တိုက်တဲ့အခါကျ တော့ကို ကြားစိတ် နာမက္ခန္ဓာလေးပါးပေါ့ဗျာနော်၊ ထို့အတူ နံစိတ်၊ နာမက္ခန္ဓာလေးပါးလေ . . . (မှန်ပါ့)။

စားစိတ် . . . (နာမက္ခန္ဓာလေးပါးပါဘုရား)၊ ကိုယ် ပေါ်မှာ ပေါ်တဲ့စိတ် . . . (နာမက္ခန္ဓာ လေးပါးပါဘုရား) ဝမ်းထဲမှာကြံတွေးစိတ် (နာမက္ခန္ဓာလေးပါးပါဘုရား)။

အဲ့ဒါ အကြည်နဲ့အာရုံနဲ့တိုက်လို့ချည့်ပဲ မှတ်လိုက်

တာပေါ့ (မှန်ပါ့) ဩော်. . . ဒါဖြင့် နာမက္ခန္ဓာလေးပါး ကလည်း အကြောင်းဘယ်နှစ်ကြောင်းပါလိမ့်. . . (နှစ်ကြောင်းပါဘုရား)။

နှစ်ကြောင်းက ပြုပြင်လို့ ပေါ်လာတာ. . . (မှန်ပါ့) ဒါဖြင့် ဒကာဒကာမတို့ ဒကာ ဒကာမတွေ၏ စိတ်ဟာ၊ ငါ့စိတ်ဘာဖြစ်နေတယ်လို့ မပြောတတ်ပါဘူး၊ သား လေးချည့်မြင်နေတယ်။ သမီးလေးချည့်မြင်နေတယ်လို့ ငါ့စိတ် ဘာမှ မဖြစ်ဘူး။

ငါ့စိတ်ကိုလည်း မဟုတ်ဘူး . . (တင်ပါ့) ဟိုသားတည်းဟူသော အာရုံနဲ့ ဒီကမနောအကြည်နဲ့ သွားပြီးသကာလ တည့်တဲ့အခါမှာ သားကိုအောက်မေ့တဲ့ စိတ်တွေ၊ သမီးကိုအောက်မေ့တဲ့ စိတ်ကလေးတွေ ပေါ်လာတယ်. . . (မှန်ပါ့)။

## နှစ်ခုတိုက်ဆိုင်လို့ပေါ်လာတာ

ဒါဖြင့်နှစ်ခုတိုက်လို့ပေါ်တာပေါ့ဗျာ. . (မှန်ပါ့) ဒါဖြင့် သူလည်းသူများပြုပြင်လို့ပေါ်တဲ့ တရားဖြစ်သောကြောင့် နာမ်ကိုလည်း သင်္ခါရတရားလို့ပဲဆိုလိုက်တော့. . . (မှန်လှပါဘုရား)။

ဦးခင်မောင်ရှင်းပလား. . . (မှန်လှပါဘုရား) ဒါဖြင့် ရုပ်လဲသင်္ခါရတရား ဒကာဒကာမတို့ နာမ်ကော. . . (သင်္ခါရ တရားပါဘုရား)။

အဲတော့ ဩော် ဒီသင်္ခါရတရားရုပ်ကလည်း သင်္ခါရ တရားနာမ်လေးပါးကလည်း. . . (သင်္ခါရတရားပါဘုရား) ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ဒကာ ဒကာမတွေရှိတာ ရုပ်နဲ့နာမ်နဲ့ပဲရှိတယ်. . . (မှန်ပါ့) ရုပ်နဲ့နာမ်နဲ့ပဲရှိတော့ သူများအကြောင်းလေးပါးက ပြုပြင်တာ. . . (မှန်ပါ့)။

## အကြောင်းနှစ်ပါးကပြုပြင်တာနာမ်

နာမက္ခန္ဓာလေးပါးကျတော့ အကြောင်းနှစ်ပါးက ပြုပြင်တာ၊ ဒါဖြင့် အကြောင်းလေးပါးက ပြုပြင်တာရုပ်၊ အကြောင်းနှစ်ပါးက ပြုပြင်တာက (နာမ်ပါဘုရား)။

အဲဒီ ယခုတရားနာနေကြတာ ယောကျ်ားတွေလား၊ မိန်းမတွေလား၊ ခန္ဓာငါးပါးလား၊ နာမ်ရုပ်တရားလားလို့ မေးရင် ခန္ဓာငါးပါး၊ နာမ်ရုပ်နှစ်ပါးပါဘုရားဆိုရုံပဲ. . . (မှန်လှပါဘုရား) သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ခန္ဓာငါးပါး. . . (နာမ်ရုပ်နှစ်ပါးပါဘုရား)၊ နာမ်ရုပ် နှစ်ပါးပဲရှိတယ်၊ နာမ်နဲ့ရုပ်ခွဲလိုက်တော့ ဒါကရုပ်၊ ဒီဘက်လေး

ပါးကနာမ်လေးပါးနဲ့ တစ်နဲ့ပေါင်းလိုက်တော့. . . ငါးပါး၊ ငါးပါးကျတော့ ခန္ဓာငါးပါးခေါ်လိုက်တာပေါ့. . (မှန်ပါ့)။

နှစ်ပုံပုံလိုက်တဲ့အခါကျတော့ ရုပ်နာမ်လို့ပုံလိုက်တာ ပေါ့ (မှန်ပါ့) သဘောကျပြီ. . . (ကျပါတယ်ဘုရား)။

ဒါဖြင့် ခန္ဓာငါးပါး ရုပ်နာမ်တရားဟာ ဦးဘတင်တို့ ဘာတရားလို့ခေါ်ကြမယ်. . . (သင်္ခါရတရားပါဘုရား)။

ဩော်. . . သင်္ခါရတရား၊ ရုပ်တရားမှာ ဘယ်နှ ပါးက ပြုပြင်လို့ ပေါ်လာတုံး. . . (လေးပါးပါဘုရား) နာမ် တရားမှာတော့. . . (နှစ်ပါးပါဘုရား)။

ဩော်. . . ဒါဖြင့် ဒကာ ဒကာမတို့၏ ခန္ဓာငါးပါး ရုပ်နာမ်တရားသည် သင်္ခါရအစုကြီးပါလား. . . (မှန်လှပါ ဘုရား) ဦးဝဘယ့်နှယ်ဆိုပ့ါ. . . (သင်္ခါရအစုကြီးပါဘုရား)။

သင်္ခါရအစုကြီးနော်၊ ဒကာဒကာမတွေ ဘာအစု ပါလိမ့်. . . (သင်္ခါရအစုကြီးပါဘုရား)။ ဩော်. . . သင်္ခါရ အစုကြီးဆိုတော့. . . .

ဒကာဒကာမတွေ သန္တာန်မှာရှိတဲ့ သင်္ခါရအစုကြီး ဟာကိုယ်လုပ်ထားတာ ဒီအထဲ ပါမှမပါတော့ပဲ။ ပါသေးရဲ့ လား. . . (မပါပါဘူးဘုရား)။

ရုပ်တရားတွေမှာလည်း ပါသေးလား. . . (မပါပါဘူး ဘုရား) နာမ်တရားတွေမှာလဲ. . . (မပါပါဘူးဘုရား) အင်း

ဘယ်လိုခေါ်ကြမယ်။ ဒါဖြင့်. . . (သင်္ခါရတရား) သင်္ခါရ
တရား။

## သူများပြုပြင်လို့ပေါ်လာတဲ့တရား

သူများပြုပြင်လို့ ပေါ်ထားတဲ့သင်္ခါရတရားဆိုတာ မှတ်လိုက်စမ်းပါ. . . (မှန်လှပါဘုရား) အဲတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒီသင်္ခါရတရားတွေ မင်းတို့သည်ကား လို့ဆိုရင် သူများပြုပြင်ထားတာကို မျက်လုံးဟာငါပဲ၊ နားဟာ ငါပဲ၊ ကြားတဲ့စိတ်ကလေးဟာငါပဲ၊ ကောင်းတာလဲငါပဲ၊ ဆိုး တာလဲငါပဲလို့။

ဝေဒနာတွေကိုလဲ ငါလို့ ဒီလိုမစွပ်စွဲကြပါနဲ့၊ ဒါသင်္ခါရ တရားဟာ သင်္ခါရတရားလို့ပဲထားလိုက်စမ်းပါ. . . (မှန်ပါ့) ဒီအထဲငါဝင်မရှုပ်ပါနဲ့ဆိုတာ သတိပေးလိုက်တယ်. . . (မှန်ပါ့)။

သင်္ခါရတရားကို. . . (ငါဝင်မရှုပ်ရပါဘူးဘုရား) ငါဝင်မရှုပ်နဲ့ သင်္ခါရတရားဟာ သင်္ခါရတရားပဲထားလိုက် . . . (မှန်ပါ့)။

## ငါဝင်ရှုပ်ရင်သက္ကာယဒိဋ္ဌိ

ငါဝင်ရှုပ်လို့ရှိရင်ဖြင့် ဦးဘတင် သက္ကာယဒိဋ္ဌိ. . .

(မှန်လှပါဘုရား) ငါဝင်မရှုပ်ပဲထားလို့ရှိရင် သင်္ခါရတရားပဲ . . . (မှန်ပ့ါ) ငါဝင်မရှုပ်ရင် . . . (သင်္ခါရတရားပါဘုရား)။

ဒီဟာတွေကို ငါလို့ထင်လိုက်ရင် . . . (သက္ကာယဒိဋ္ဌိပါဘုရား)။ အဲတော့ကို ဒီနေ့ သက္ကာယဒိဋ္ဌိကိုလည်း ဦးခင်မောင်အစက ဖြုတ်ပေးတာပါ . . . (မှန်လှပါ)။

ကောင်းပြီ ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ၏ ခန္ဓာကိုယ်မှာ သင်္ခါရအစုကြီးဆိုလို့ရှိရင်ဖြင့် ဒကာသစ်တို့ လွဲသေးလား . . . (မလွဲပါဘူးဘုရား)။

ကိုမြရွှေ ဘယ်လိုဆိုကြပ့ါမယ် . . . (သင်္ခါရအစုကြီးပါဘုရား) သင်္ခါရအစုကြီး . . . (မှန်ပ့ါ) သင်္ခါရအစုကြီးဆိုတော့ သူများပြုပြင်ထားလို့ပေါ် နေတဲ့ အစုတရားကြီးလို့ဆိုလိုက်ရင် မလွဲတော့ဘူးပေ့ါ . . . (မလွဲပါဘူးဘုရား)။

ကောင်းပြီ ဒါဖြင့် သင်္ခါရတရားမှန်းသိတဲ့အခါကျတော့၊ ဒီထဲငါနဲ့ဆိုင်ရင် ငါဆိုင် ငါပိုင်ဆိုတာသည် ဦးဝ မရှုပ်စေနဲ့နော် . . . (မှန်လှပါဘုရား)။

ငါဆိုင် ငါပိုင်သည် . . . (မရှုပ်စေနဲ့ပါဘုရား) မရှုပ်စေနဲ့ ဘုန်းကြီးတို့ ဒကာဒကာမတွေ လေးစားစွာနဲ့ပဲ ဒီဥစ္စာကို ကန့်ကွက်တယ် . . . (မှန်ပ့ါ)။

ဘာကြောင့်တုံးဆိုတော့ ဆရာဘုန်းကြီးကရော၊ ဘုရားကရော ရုပ်တရားမှာလည်း အကြောင်းလေးပါးက

ပြုပြင်ထားတာဆိုတာသိနေပြီ. . . (မှန်ပါ့)။

ရုပ်တရားမှာလည်း. . . (အကြောင်းလေးပါးက ပြုပြင်ထားတာပါဘုရား)။ နာမ်တရားမှာ အကြောင်းနှစ်ပါးက . . . (ပြုပြင်ထားတာပါဘုရား)။

## ငါဝင်ပြီးမရှုပ်နဲ့

အဲတော့ ခင်ဗျားတို့က ရုပ်ဟာငါပဲ၊ ဝေဒနာဟာငါပဲ၊ စိတ်ဟာ ငါပဲ၊ သညာငါပဲလို့ ဦးခင်မောင်တို့က မရှုပ်နဲ့နော် . . . (မှန်လှပါဘုရား)။

ဒကာဒကာမတို့ ဘုန်းကြီးဘယ်လို ကန့်ကွက်ပါလိမ့် . . . (ငါပဲလို့ မရှုပ်ရပါဘူးဘုရား) မရှုပ်စေနဲ့. . . (မှန်ပါ့) ရှုပ်လို့ရှိရင် ဘုန်းကြီးများက **စိုးရိမ်တယ်**၊ သူများပစ္စည်း ကိုယ်ခိုးယူတာ၊ သူများပစ္စည်း. . . (ကိုယ်ခိုးယူတာပါဘုရား)။

**ဒကာ ဒကာမတို့** သူများပစ္စည်း ကိုယ်ခိုးယူတယ်ဆို တော့၊ သူများဆိုတာက ဦးခင်မောင်သိပြီ၊ ရုပ်တရားကိုလည်း ပြုပြင်ထားတာ လေးပါးရှိတယ်. . . (မှန်ပါ့ဘုရား)။

အဲဒါ သူများကျတာ. . . (မှန်ပါ့) မကျဘူးလား. . . (ကျပါတယ်ဘုရား)။ နာမ်တရားကလည်း ပြုပြင်ထားတာ နှစ်ပါးမရှိဘူးလား. . . (ရှိပါတယ်ဘုရား)။

အဲ သူတို့နှစ်ပါးက ပြုပြင်ထားလို့ ခေတ္တယာယီပေါ်

နေတဲ့ သင်္ခါရတရားကို၊ ငါပိုင် ငါဆိုင်၊ ငါ့မထိနဲ့၊ ငါ့ကိုယ်ငါ ပိုင်တယ်။

## ငါဝင်ရှုပ်နေတယ်

အံမလေး၊ ကြွားလုံးတွေ ဝါလုံးတွေက သိပ်များတယ်. . . (မှန်လှပါဘုရား) ငါ့ကိုယ်ငါ ပိုင်တယ်လို့ဆိုပြီး သကာလ ငါသွားချင်ရာသွားနိုင်တယ်၊ ငါအိပ်ချင်ရာ အိပ်နိုင်တယ်၊ ငါစားချင်ရာ စားနိုင်တယ် အစရှိသည်နဲ့ သင်္ခါရတရားမှန်း မသိတော့ ငါဝင်ရှုပ်နေတယ်. . (မှန်လှပါဘုရား)

သင်္ခါရတရားမှန်းမသိတော့ (ငါဝင်ရှုပ်နေပါတယ်ဘုရား) မရှုပ်ကြစမ်းပါနဲ့ ဒကာ ဒကာမတို့၊ မရှုပ်ကြစမ်းပါနဲ့လို့ သတိပေးလိုက်ပါတယ်. . . (မှန်လှပါဘုရား)။

ဘယ်လိုသတိပေးပါလိမ့် (မရှုပ်ကြစမ်းပါနဲ့လို့သတိပေးလိုက်ပါတယ်ဘုရား)။ မရှုပ်တော့ပါဘူးဘုရားလို့ ဦးခင်မောင်တို့ တာဝန်ခံရမယ်. . . (မှန်လှပါဘုရား)။

## ထင်တဲ့အရှုပ်မပါစေနဲ့

ပြောတဲ့အရှုပ်မဟုတ်ဘူး၊ ထင်တဲ့အရှုပ်မပါစေနဲ့. . . (မှန်လှပါဘုရား) ပြောတာကတော့ ပြောတာပေါ့ ဦးခင်မောင်ရ (မှန်လှပါ)။

ငါသူမှ မပြောလို့ရှိရင်လည်း ပြောစရာ မရှိလို့. . . (မှန်လှပါဘုရား) ပြောတာတော့ ပြောပါတော့ တကယ်တော့ အထင်စွဲပြီးသကာလ မပြောလိုက်ပါနဲ့ဆိုတာ ကန့်ကွက်လိုက်တယ်. . . (မှန်လှပါဘုရား)။ သဘောပါကြပလား. . . (ပါပါတယ်ဘုရား)။

အကယ်၍ တကယ်ထင်မဲ့ကြရင်၊ ခု ဆရာဘုန်းကြီး ဟောထားတဲ့၊ သြော် ရုပ်တရားမှာ အကြောင်းလေးပါးက ပြုပြင်လို့ ပေါ်နေတာ (မှန်လှပါ) နာမ်တရားမှာ (အကြောင်း နှစ်ပါးက ပြုပြင်လို့ ပေါ်နေတာပါဘုရား)။

အာရုံ ဒွါရဆိုတဲ့ အကြောင်းနှစ်ပါးက ပြုပြင်လို့ ပေါ်နေတာဖြစ်သောကြောင့်၊ ရုပ်နဲ့ နာမ်ပဲ ရှိတော့ကို၊ အင်းသူတစ်ပါး ပြုပြင်ထားတဲ့ သင်္ခါရတရားတွေကို၊ ငါတော့ဖြင့် ရှုပ်လို့မတော်တာ အမှန်ပဲလို့ ယနေ့ ဆုံးဖြတ်ချက်ချပါ. . . (မှန်လှပါဘုရား) သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ဆုံးဖြတ်ချက်ချဖြစ်အောင်ချပါနော်. . . (မှန်လှပါဘုရား) ဘယ့်နှယ်ကြောင့် ဒီလောက် ဆရာဘုန်းကြီးက လေးစားစွာနဲ့ ဆုံးဖြတ်ချက်ကို အတင်းချခိုင်းပါလိမ့်မတုံးဆိုတော့ ကမ္ဘာနဲ့မြေဇာဆိုသလို. . .၊

ခင်ဗျားတို့က ခန္ဓာငါးပါး ငါ့ကိုယ့်ငါ့ဟာ ထင်လာကြ

တယ်။ (မှန်လှပါဘုရား) ဒီအကြောင်းတွေ မသိခြင်းကြောင့် ငါ့ကိုယ်ငါ့ဟာ ထင်လာကြတယ်. . . (မှန်လှပါဘုရား)။

ဦးခင်မောင် သဘောကျပလား. . . (ကျပါတယ် ဘုရား) ဒီအကြောင်းတွေ မသိသောကြောင့်. . . (ငါ့ကိုယ်၊ ငါ့ဟာ ထင်လာတာပါဘုရား) ခုတော့ ဒီအကြောင်းတွေ မနေ့က တစ်ဝက်သိခဲ့ရပြီ၊ ဒီနေ့ တစ်ဝက်သိတော့ အကြောင်းဟာ စုံသွားတယ်. . . (မှန်လှပါဘုရား)။

## ဒီအကြောင်းတွေပြန်ပြီး တွေးလိုက်စမ်းပါ

စုံစုံကြီးသိလိုက်ရတဲ့အတွက် ဦးဘတင်ရေ တကယ် လို့ ထင်မယ့်ကြံရင် ဒီအကြောင်းတွေ ပြန်ပြန်တွေးလိုက်စမ်း ပါ. . . (မှန်လှပါဘုရား)။

ပြန်တွေးလိုက်သည်နဲ့ တစ်ပြိုင်နက်တည်း ငါ့ကိုယ် ငါ့ဟာဆိုတဲ့ ဒိဋ္ဌိတို့ တဏှာတို့ဟာ ပြုတ်ထွက်သွားတယ်. . (မှန်လှပါဘုရား) အကြောင်းနဲ့တကွသိလို့ ဖြုတ်လို့ရတာ နော်. . . (မှန်လှပါဘုရား)။

ဘယ်လိုဆုံးဖြတ်ချက်ချကြမယ်. . . (အကြောင်းနဲ့ တကွ သိလို့ ဖြုတ်လို့ ရတာပါဘုရား) အကြောင်းနဲ့တကွ သိပြီး ဖြုတ်ရမှ မင်းတို့ ရုပ်နာမ်ကြီးဟာကွာ၊ မင်းတို့ဟာ မဟုတ်ပါဘူးလို့ သာမညပြောတဲ့ တရားနဲ့တွေ့ရင် ဒကာ

သစ်တို့ ဦးမြရွှေတို့ လွဲမယ်နော်. . . (မှန်လှပါဘုရား)။

ခုတော့ဖြင့် အကြောင်းတရားလေးပါးက ပြုပြင်တာက ရုပ်၊ အကြောင်းနှစ်ပါး ပြုပြင်တာက နာမ်၊ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

အခု ဒကာ ဒကာမတွေ ထိုင်နေကြတဲ့ဟာ နာမ်ရုပ်ပဲရှိတယ်။ (မှန်လှပါဘုရား) ဖြန့်လိုက်ရင် ခန္ဓာငါးပါးပဲရှိတယ်၊ ကိုယ်ပိုင်ကိုယ်ဆိုင်များပါကြရဲ့လား. . . (မပါပါဘူးဘုရား)။

ကိုယ်လုပ်ထားတာများ ပါကြရဲ့လား. . . (မပါပါဘူးဘုရား) မပါသောကြောင့် ဒီထဲမှာ ငါ၊ ငါ့ဥစ္စာ ဝင်မရှုပ်လိုက်ပါနဲ့. . . (မှန်လှပါဘုရား) သဘောပါပလား. . . (ပါပါတယ်ဘုရား)။

ဘာမရှုပ်ပါနဲ့. . . (ငါ၊ ငါ့ဥစ္စာ ဝင်မရှုပ်ရပါဘုရား)၊ ငါ၊ ငါ့ဥစ္စာ ဝင်မရှုပ်ပါနဲ့ဆိုတာကို ကန့်ကွက်တယ်. . . (မှန်ပါ့)။

အကယ်၍ ဆရာဘုန်းကြီးက မကန့်ကွက်လိုက်လို့ရှိရင်၊ ဒကာ ဒကာမတို့ ခင်ဗျားတို့ဟာ သူများပစ္စည်း ရုပ်ဟာလည်း ကံ၊ စိတ်၊ ဥတု၊ အဟာရက ပိုင်တယ်. . . (မှန်လှပါဘုရား)။

## သူများပစ္စည်း ဝင်လုသလို

နာမ်ကို အာရုံဒွါရကပိုင်တယ်. . . (မှန်လှပါဘုရား)၊ ဦးခင်မောင် ဆိုထိုက်ပလား. . . (ဆိုထိုက်ပါတယ်ဘုရား)၊ အဲ တော့ သူတစ်ပါးပစ္စည်းကို ခင်ဗျားတို့က အတင်းဝင်လုတာနဲ့ မတူဘူးလား. . . (တူပါတယ်ဘုရား)၊ အတင်းဝင်လုလိုက်တဲ့ အခါကျလို့ရှိရင်လည်းတဲ့. . .

ဒကာ ဒကာမတို့သည် အင်မတန်မှ မှားပါတယ်. . . (မှန်ပါ့)၊ မှားလုံးကလေးကို အကွက်ကျကျလေး ဦးဘတင် ပြောဦးမယ်. . . (မှန်လှပါဘုရား)။

ဘယ်လောက်ထိအောင် ဒကာ ဒကာမတွေ ဆရာ ကောင်း၊ သမားကောင်းနဲ့မကြုံမယ်ဆိုလို့ရှိရင်ဖြင့်၊ သူများ ပစ္စည်းခိုးချက် ဘယ်လောက်သန်တယ်ဆိုတာ ပေါ်လာပါ လိမ့်မယ်။

သူများပစ္စည်းရှင်းပြီးပြီနော်. . . (မှန်လှပါဘုရား)၊ ဦးခင်မောင် ရှုပ်သေးလား. . . (မရှုပ်ပါဘူးဘုရား)၊ မရှုပ် တော့ဘူးတဲ့။

ကဲ- ဒါဖြင့် ဒကာ ဒကာမတွေ သန္တာန်ဝမ်းထဲမှာ ရှိ တာက ငါဆိုတဲ့တရားလေးဟာက ဒိဋ္ဌိငါကိုးဗျ. . (မှန်လှပါ)။

အဲဒီ ငါဟာ ဒါ ငါပဲလို့ ဆိုလို့ရှိရင်ဖြင့် ဝမ်းထဲမှာ ရှိတဲ့ ဒိဋ္ဌိက ငါနော် . . . (မှန်လှပါဘုရား)။

ဒါဖြင့် ငါဟာ ဆိုတာနဲ့ ရုပ်ဆိုတာနဲ့ ရောသွားလိမ့်မယ်. . . (မှန်လှပါဘုရား)၊ ဒကာ ဒကာမတွေ ဝမ်းထဲမှာရှိတာက ငါ၊ ဒီဟာကိုလည်း ငါဆိုတော့ ရုပ်ကိုလည်း ငါဆိုတော့၊ ဩော်- ဒါဖြင့် ငါသည်ကားလို့ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ အင်မတန် ခက်သွားပြီ။

ရုပ်တရားကလည်း သူများက လုပ်ထားတာ၊ ခင်ဗျားတို့ကလည်း ဒါ ငါလုပ်ပြန်တယ် . . . (မှန်လှပါဘုရား) ရုပ်တရားဟာ ငါပဲလို့ လုပ်လိုက်တယ် . . . (မှန်လှပါ) ငါ့ဥစ္စာပဲလို့ လုပ်လိုက်ပြန်တယ်။

ဦးခင်မောင် . . . (မှန်လှပါ) မလုပ်လိုက်ဘူးလား . . . (လုပ်ပါတယ်ဘုရား) အဲတော့ သူများလုပ်ထားတဲ့ ဥစ္စာကြီးကို၊ ငါ-ငါ့ဥစ္စာလို့ ခင်ဗျားတို့က အတင်းအဓမ္မလုတာနဲ့ကော . . . (တူပါတယ်ဘုရား)။

## ပင်ကိုအကြောင်းက ကိုယ်နှင့်မဆိုင်

အဲတော့ အတင်းအဓမ္မလုတာနဲ့ တူတာလည်း တစ်ကြောင်း၊ မလုကောင်းတာလည်း ပင်ကိုအကြောင်းကလည်း ကိုယ်နဲ့လားလားမှမဆိုင်တဲ့ အဓိပ္ပာယ်လဲ ရှင်းနေပြီ . . . (မှန်ပါ့) မရှင်းဘူးလား . . . (ရှင်းပါတယ်ဘုရား)။

အဲဒီကဲ့သို့ ရှင်းပြီးထားတော့မှ ဩော် -

ဒါဖြင့် ခင်ဗျားတို့ ဝမ်းထဲမှာရှိတဲ့ ငါဆိုတာက ဒိဋ္ဌိ . . . (မှန်ပါ့) ဘယ်မှာတုံး မင်းတို့ဥစ္စာဆိုတော့ ရုပ်ဟာ ငါပဲ၊ ငါ့ဥစ္စာပဲ ဒီလိုမယူကြပေဘူးလား . . . (ယူပါတယ်ဘုရား)။

စိတ်ဟာလည်း ငါပဲ၊ ငါ့ဥစ္စာပဲလို့ မယူကြပေဘူးလား . . . (ယူပါတယ်ဘုရား)။

အဲတော့ ဒကာဒကာမတို့ ငါက ဒိဋ္ဌိ ငါ့ဥစ္စာက ရုပ် . . . (မှန်ပါ့) ဟ, ဦးခင်မောင် လွဲကုန်ပြီ . . . (မှန်လှပါ) မလွဲသေးဘူးလား . . . (လွဲပါတယ်ဘုရား)။

ငါက ဒိဋ္ဌိ၊ အဲဒီဒိဋ္ဌိက ဒီဥစ္စာ ရုပ်တရားကို သူက ငါပဲငါ့ဥစ္စာပဲလို့ ဦးဘတင် စွဲလိုက်တယ် . . . (မှန်လှပါ ဘုရား) စွဲလိုက်တော့ ငါတည်းဟူတောသူခိုး ဝင်ခိုးတာ မသေချာ ဘူးလား. . . (သေချာပါတယ်ဘုရား)။

## ခိုးမှုကြောင့်အပါယ်ရောက်ရတယ်

အဲ့ဒါ သတ္တဝါတွေ အပါယ်ရောက်ရတာ၊သူမဆိုင်တာကိုဝင်ပြီးသကာလ အုပ်စည်းချင်တဲ့အတွက်၊ ခိုးမှုကြောင့် အပါယ်ရောက်ရတယ်. . . (မှန်လှပါဘုရား)။

ဒါဖြင့် ဒိဋ္ဌိကသူခိုး. . . (မှန်လှပါ)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား) ဒိဋ္ဌိကဘာပါလိမ့်. . (သူခိုးပါဘုရား) ဒိဋ္ဌိက သူခိုးဆိုတာ သေချာပလား. . (သေချာပါတယ်ဘုရား)။

## ဒိဋ္ဌိကသူခိုး

သူများလုပ်ထားတဲ့ ပစ္စည်းကို သူက ငါ ငါ့ဥစ္စာ ဝင်လုပ်လိုက်တဲ့အတွက် သူခိုး ခိုးတတ်တဲ့ ဒိဋ္ဌိကြောင့် ဒကာ ဒကာမတွေဟာ အပါယ်ရောက်ရပါတယ် . . . (မှန်လှပါ ဘုရား)။

ဒါဖြင့် ဦးခင်မောင်ရေ အပါယ်ရောက်ခြင်း အကြောင်း ယနေ့ပေါ်သွားပြီ . . . (မှန်လှပါဘုရား) သူ တစ်ပါး လုပ်ထားတာကို . . . ငါ ငါ့ဥစ္စာလို့ ခိုးယူသော ကြောင့် . . . (မှန်လှပါ) ဒကာဒကာမတွေ ဘာဖြစ်ရတုံး (အပါယ်ရောက်ရပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် တစ်သံသရာလုံးက ဒီခိုးမှု ကြီးဟာ သင့်လာတော့ အပါယ်မှာနေရတာ များတယ်ဆိုတာ ယနေ့ သေချာတော့မယ် . . . (မှန်လှပါဘုရား) သေချာ ကြပလား . . . (သေချာပါတယ်ဘုရား)။

တစ်သံသရာလုံး ငါ ငါ့ဥစ္စာပဲ ဦးဘတင်တို့ ဒကာသစ် တို့ ကိုမြရွှေတို့ ထင်လာကြတယ် . . . (မှန်လှပါဘုရား) ဘယ်တော့မှလည်း မပြုတ်ခဲ့ဘူး . . . (မှန်ပါ့)။

ပြုတ်ခဲ့ရဲ့လား . . . (မပြုတ်ခဲ့ပါဘူးဘုရား) မပြုတ် ခဲ့တော့ သံသရာမှာ ဒီလူတွေဟာ သူတစ်ပါးပစ္စည်း ခိုးမှု တည်းဟူသော အပြစ်သင့်သောကြောင့် ခိုးပြစ်သင့်တဲ့ပုဂ္ဂိုလ်

အပါယ်သွားရတာလည်း သေချာပြီး သကာလနေသော ကြောင့် သြော် . . တို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် အမြင်မှား ကြောင့် အပါယ်ရောက်ရတယ် ဆိုတာလည်း မှန်တာပါပဲ . . . (မှန်လှပါဘုရား)။

သူတစ်ပါး ပစ္စည်းခိုးမှုကြောင့် အပါယ်ရောက်ရတယ် ဆိုတာကော . . . (မှန်ပါတယ်ဘုရား) အမြင်မှားတွေနဲ့ ခိုးလိုက်တာကိုး . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါ တယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ သတ္တဝါတွေ ဒုမြဲနေတာ ဘယ်မှာတဲ့ ဆရာဘုန်းကြီးဟောတာ . . . (အပါယ်မှာပါ ဘုရား) ဘယ့်နှယ်ကြောင့် အပါယ်မှာ နေရသတုံးဆိုတဲ့ အမေးထုတ်လိုက်တဲ့အခါ စစ်တမ်းထုတ်လိုက်တဲ့အခါကျ တော့မှ ဦးဝတို့ ပေါ်လာတယ် . . (ပေါ်လာပါတယ်ဘုရား)။

## တစ်သံသရာလုံး ခိုးလာကြတယ်

တစ်သံသရာလုံး သူများပစ္စည်းကို ခိုးခိုးလာကြတယ် ဘုရား (မှန်လှပါဘုရား) ဆိုထိုက်ပလား . . . (ဆိုထိုက်ပါ တယ်ဘုရား)။

ဘယ်ဘဝ လွတ်ခဲ့သတုံးလို့ အမေးထုတ်ရင် (ဘယ် ဘဝမှ မလွတ်ခဲ့ပါဘူးဘုရား)။

ဒါဖြင့် လူ့ပြည်တက်လာလိုက် ခိုးလိုက်၊ ဟုတ်လား၊ နတ်ပြည်တက်လာလိုက် ခိုးလိုက်၊ အပါယ်ရောက်လိုက် ၊ တက်လာပြန် အပါယ်က နှိပ်စက်လို့ ပြန်တက်လာပြန် အခိုးဝါသနာ မစွန့်တဲ့အတွက် ဘယ်ပြန်ရောက်ရတုံး . . . (အပါယ်ပြန်ရောက်ပါတယ်ဘုရား)။

အပါယ်ပဲ ပြန်ရောက်ရမယ်ဆိုတာ သေချာကြပလား . . . (သေချာပါတယ်ဘုရား)။

ဩော် . . . ဒါဖြင့် ဒကာဒကာမတွေ ဒီဘဝမှာ ဒီဒိဋ္ဌိတည်းဟူသော သူခိုး ခင်ဗျားတို့ ရှင်းပေးမယ့်လူ မလာလို့ ရှိရင်ဖြင့် ခိုးမြဲပဲ ခိုးနေဦးမှာပဲ . . . (မှန်လှပါဘုရား) ဦးစံရင်တို့ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## သတ္တဝါတွေ အမြဲနေတာ ဘယ်မှာတဲ့တုံး

ဒိဋ္ဌိသူခိုးဟာ သေချာကြပလား . . . (သေချာပါတယ်ဘုရား) ကောင်းပြီ ဒါဖြင့် သတ္တဝါတွေ အမြဲနေတာ ဘယ်မှာတဲ့တုံး . . . (အပါယ်လေးပါး ပါဘုရား)။

ဒါဖြင့် ကျသင့်၊ မကျသင့်လည်း အကဲခတ်ကြပါဦး . . . (ကျသင့်ပါတယ်ဘုရား) ဦးဘတင် အသေအချာ အကဲခတ်စမ်း . . . (ကျသင့်ပါတယ်ဘုရား)။

သူများပစ္စည်းကို ခိုးတဲ့ဥစ္စာဗျာ မကျဘူးဆိုရမှာလား၊

ပစ္စုပ္ပန်တောင် ရာဇဝတ်သင့်သေးတာ ဦးခင်မောင်ရေ . . . (မှန်လှပါ)။

သံသရာမှာ သံသရာပြစ်သင့်ရမယ် . . . (မှန်လှပါ) မသင့်ပါနဲ့လို့ ဆိုလို့ . . . (မရပါဘူးဘုရား) ဒကာဒကာမ တွေ လေးလေးစားစားမှတ်ပါ။

ဒိဋ္ဌိအပါယ်ချပုံဟာ ခင်ဗျားတို့က ဩော် မှားလို့ အပါယ်ချတယ်ဆိုတာ မှားပုံကို ကွက်ကွက်ကွင်းကွင်း ပေါ် အောင်ပြောနေပါတယ် . . . (မှန်လှပါဘုရား)။

အရင်တော့ မှားလို့ အပါယ်ကျတယ်၊ အမြင်မှားလို့ အပါယ်ရောက်တယ်၊ ဒီလောက်ပဲ သိကြတယ်. . . (မှန်ပါ့) ခုဟာက အမြင်မှားပြီးသကာလ သူ့ဟာပိုင် လုပ်တဲ့အတွက် လည်း ဦးခင်မောင် အပါယ်ရောက်ရတယ် (မှန်လှပါဘုရား)။

အမြင်မှားပြီး သူ့ဟာပိုင် မလုပ်လိုက်ဘူးလား . . . (လုပ်လိုက်ပါတယ်ဘုရား) ငါ့ကိုယ်ငါ့ဟာ လုပ်မပစ်လိုက် ဘူးလား . . . (လုပ်ပစ်ပါတယ်ဘုရား)။

အဲ ငါ့ကိုယ် ငါ့ဟာ လုပ်ပစ်လိုက်တာက ငါ့ကိုယ် ငါ့ဟာ ဒီထဲမှာ တစ်ပဲသား ပါပါရဲ့လား . . . (မပါပါဘူး ဘုရား)။

ရုပ်ကြည့်ပြန်တော့ ကံ၊ စိတ်၊ ဥတု၊ အဟာရက လုပ်ထားတယ်. . . (မှန်လှပါဘုရား)၊ နာမ်ကြည့်ပြန်တော့

အာရုံဒွါရက လုပ်ထားတယ်၊ ရှင်းပလား. . . (ရှင်းပါပြီ ဘုရား)။

## အခိုးဝါသနာစွန့်မှ သံသရာကထွက်မယ်

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ တစ်သံသရာလုံး အပါယ်ကမတက်ရတာသည် ကားလို့ဆိုရင်၊ အခိုးဝါသနာ မစွန့်နိုင်သ၍ကာလပတ်လုံး၊ ဘယ်တော့မှ သံသရာထဲက ထွက်နိုင်လိမ့်မယ်၊ ရုန်းနိုင်လိမ့်မယ်၊ ကန်နိုင်လိမ့်မယ်၊ ကျော်လွှားနိုင်လိမ့်မယ်ဆိုတာကို မယုံပါနဲ့တော့. . . (မှန်လှပါဘုရား)။ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ဦးဘတင်သေတော့လည်း ဒါငါ့ကိုယ်ငါ့ဟာဆိုတဲ့ ခိုးမှုကြီးကို လက်လွှတ်သေသွားသလား၊ ရာဇဝတ်မှုတန်းလန်းနဲ့သေသွားသလား. . . (ရာဇဝတ်မှုတန်းလန်းနဲ့ သေသွားပါတယ်ဘုရား)။

ဒါဖြင့် ဦးခင်မောင် ကျသင့်တယ်ဗျာ . . . (ကျသင့်ပါတယ်) သူက ထုချေစရာကို ကျုပ်မဟုတ်ပါဘူးလို့ ပါသေးရဲ့လား . . . (မပါ ပါဘူးဘုရား)။

ခိုးထုပ် ခိုးထည်နဲ့တကွ မမိဘူးလား . . . (မိပါတယ်ဘုရား) အဲ ခိုးထုပ် ခိုးထည်နဲ့တကွ မစွန့်ပဲနဲ့ ဦးဘတင်ေ သေသွားလို့ အပါယ်ရောက်ရတာ . . . (မှန်လှပါဘုရား)၊

ကွာသွားရဲ့လား ဒိဋ္ဌိက . . . (မကွာပါဘူးဘုရား) ငါခက်ရချည်ရဲ့ ငါ့ကိုယ်ကြီးနဲ့ ခွဲရချည်ရဲ့ ငါ့ကိုယ်ကြီးနဲ့ ငါမခွဲချင်ဘူး။

ဆိုပြီးသကာလ ငါ့ကိုယ် ငါ့ဟာလုပ်ပြီးသကာလ ခိုးမှုကြောင့် ခိုးမှု အထုပ်အထည်ကို လက်မလွှတ်ပဲနဲ့ တစ်ခါတည်းသေပွဲဝင်သွားတယ် . . . (မှန်လှပါဘုရား)။

အဲ့ဒါကြောင့် အပါယ်လေးပါးမှာ အမြဲနေရတယ် ဆိုတာလည်း ဒကာဒကာမတို့ ကျေကျေနပ်နပ် သဘောကျပါ. . . (မှန်လှပါဘုရား)။

ဦးခင်မောင် ဒိဋ္ဌိဘယ်လောက် ဆိုးတုံး . . (ဆိုးပါတယ်ဘုရား) အဲ ကိုမြရွှေတို့ ကောင်းကောင်းကျေနပ်ပလား . . . (ကျေနပ်ပါတယ်ဘုရား)။

ဩော် . . . အပါယ်ဟာ ရောက်သင့် မရောက်သင့် စဉ်းစားကြစမ်းပါ (ရောက်သင့်ပါတယ်ဘုရား) ကိုယ်ကိုယ်တိုင်က ဘာပြစ်သင့်တုံး . . . (ခိုးပြစ်သင့်ပါတယ်) ခိုးပြစ်သင့်နေတယ်ကွ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

သူများပစ္စည်းကို ခိုးတဲ့အခါကျတော့ကို ဒီခိုးတဲ့ပစ္စည်းကိုပဲ ခိုးမှန်းသိပြီး နောက်မခိုးတော့ပါဘူး ဆိုပြီး သေသွားတာလား၊ ခိုးထုပ်ခိုးထည်နဲ့ သေသွားတာလား . . . (ခိုးထုပ်ခိုးထည်နဲ့ သေသွားတာပါဘုရား)။

**ဒိဋ္ဌိမပြုတ်ဘူး**

ကိုင်း ဒိဋ္ဌိမပြုတ်ဘူးဆိုတာ သေချာပလား . . . (သေချာပါတယ်ဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

**အဲ့တော့ကိုး** ခင်ဗျားတို့ နောက်တုန်းက လှူခဲ့ တန်းခဲ့၊ ပေးခဲ့၊ ကမ်းခဲ့တာတွေ နိဗ္ဗာန်ရောက်နိုင်တာ အမှန်ပါပဲ . . . (မှန်ပါ့)။

ဦးခင်မောင် ရောက်နိုင်ပါတယ်နော် . . . (ရောက်နိုင်ပါတယ်) သို့သော် ခိုးထုပ်ခိုးထည်နဲ့တကွ မိမိပြီးသကာလ သေပွဲဝင်ရတဲ့ အခါကျတော့ သူကချည့် အပါယ်ဆွဲချသွားတယ် . . . (မှန်လှပါဘုရား) သဘောကျကြလား . . . (ကျပါတယ်ဘုရား)။

သူကချည့် အပါယ်ဆွဲချသွားတယ်ဆိုတော့ ခိုးထုပ် ခိုးထည်နဲ့ချည့်ပဲ သေသွားတယ်လို့ ဦးဝ ဆိုထိုက်ပါပြီ . . . (ဆိုထိုက်ပါတယ်ဘုရား) ဆိုထိုက်ကြပလား . . . (ဆိုထိုက်ပါတယ်ဘုရား)။

အဲဒါဘုရားတစ်ခါ တစ်ခါပွင့်မှ၊ ဆရာကောင်း သမားကောင်းနဲ့ တစ်ခါတစ်ခါကြုံမှ သြော် . . . ရုပ်ဟာ အကြောင်းလေးပါးကြောင့် ဖြစ်တာ၊ ငါ့ကိုယ် ငါ့ဟာ မဟုတ်ဘူးဟ . . . သဘောကျပလား . . . (ကျပါတယ်ဘုရား)။

နာမ်ကလည်း အကြောင်းနှစ်ပါးကြောင့် ဖြစ်တာ

ငါ့ကိုယ်၊ ငါ့ဟာ မဟုတ်ဘူးဟာ . . . (မှန်လှပါ) အံမာ ဒီလို တစ်ခါ တစ်ခါလေး လာတာနော် . . . (မှန်လှပါဘုရား)။

ဘယ့်နှယ် ဆုံးဖြတ်ချက်ချကြမယ် . . . (တစ်ခါ တစ်ခါလေး လာတာပါဘုရား) ရှင်းကြပလား (ရှင်းပါတယ် ဘုရား)။

## ငါလုပ်ထားတာမဟုတ်လို့ ငါမပိုင်ဘူး

ကိုင်း ဒါဖြင့် ဘုန်းကြီးပြောပါပြီ ဒကာဒကာမတို့ ယနေ့ ဘယ်လိုများ ပိုင်သွားသတုံးဆိုတော့ ဒကာဒကာမတွေ နိဗ္ဗာန်ရောက်ဖို့ ဘယ်လိုများ ပိုင်သွားသတုံးဆိုတော့ ဩော် . . . အစကကိုက ငါလုပ်ထားတာမဟုတ်လို့ ငါမပိုင်ဘူး . . . (မှန်ပ့ါ)။

ဆိုနိုင်မဆိုနိုင် . . . (ဆိုနိုင်ပါတယ်ဘုရား) အစက ငါလုပ်ထားတာမဟုတ်လို့ . . . (ငါမပိုင်ပါဘူးဘုရား) ရုပ် လည်းမပိုင်ဘူး၊ နာမ်ကော . . . (မပိုင်ပါဘူးဘုရား)။

ဟာ ဒါဖြင့် ဒကာဒကာမတွေ ဒီဥစ္စာ မပိုင်မှန်းသိလို့ ရှိရင် ဒီရုပ်ရော၊ နာမ်ရော အနတ္တာဖြစ်ပါတယ် . . . (မှန်လှပါ ဘုရား)။

**ရှင်တုန်းကတည်းက အနတ္တ**

မပိုင်မှန်းသိတဲ့အတွက် ဘာတုံး . . . (အနတ္တ ဖြစ်ပါတယ်ဘုရား) ဩော် ခင်ဗျားတို့က အိုးကွဲသွားတော့မှ အနတ္တ ဖြစ်နေတာ ခက်တာက။

လူသေသွားမှ အနတ္တဖြစ်နေတာ ဒီအရှင်ကိုက ခင်ဗျားတို့ အရှင်မဟုတ်ဘူး . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ရှင်တော့ ရှင်နေတာပဲ၊ ရှင်တုန်းကကိုက ခင်ဗျားတို့ဟာ မဟုတ်ဘူး . . . (မှန်လှပါဘုရား) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

ခုတော့ သားသေမှ အနတ္တမို့ လက်လျှော့ လိုက်ရတယ်၊ သမီးသေမှ အနတ္တမို့ လက်လျှော့လိုက်ရတယ်၊ အိုးကွဲမှ အနတ္တလက်လျှော့လိုက်ရတယ်။

**သေမှ အနတ္တမဟုတ်ဘူး**

သစ်ပင်တွေလဲသွားမှ ကိုယ် အနတ္တလက်လျှော့လိုက်ရတယ်ဆိုတာမျိုးက ဦးဘတင် မမှန်ဘူးနော် . . . (မမှန်ပါဘူးဘုရား) မမှန်ဘူးတဲ့။

ခု အစောကြီး မပျက်စီးခင်ကကိုက ရုပ်နာမ်တွေ မပျက်စီးခင်ကိုက ဘာမှတ်ကြမယ် . . . (အနတ္တပါဘုရား)

ကိုယ်မဆိုင်ဘူးနော် သေချာကြပလား . . . (သေချာပါပြီ ဘုရား)။

ရုပ်ပေါ်လည်း . . . (မဆိုင်ပါဘူးဘုရား) မဆိုင်ပါဘူး ဒကာဒကာမတို့ ဆိုင်တယ်ထင်ရင် အကြောင်းလေးပါးပေါ့ဗျာ . . . (မှန်လှပါ) နာမ်ပေါ်ရင်ကော ဆိုင်ပါရဲ့လား . . . (မဆိုင်ပါဘူးဘုရား)။

အဲ ဆိုင်တယ်ဆိုရင် အကြောင်းနှစ်ပါးပေါ့ . . . (မှန်ပါ့) ဆိုင်ချင်ရင်လေ . . . (မှန်လှပါ)။

## ခန္ဓာငါးပါးဟာ အနတ္တ

ကိုင်း ဒါဖြင့် ဒကာဒကာမတို့ ဒီခန္ဓာငါးပါး တရားနာနေတဲ့ ဒကာ ဒကာမတို့၏ ခန္ဓာငါးပါးဟာ အခု ဉာဏ်နဲ့ကြည့်ပါ။ တစ်ခုမှ ကိုင်ပိုင်မပါသောကြောင့် အနတ္တလို့သာ မှတ်ထားလိုက် . . . (မှန်လှပါဘုရား)။

ရုပ်တရားလည်း . . . (အနတ္တပါဘုရား) ခု လျှောက်နေတဲ့စိတ်တွေကကော . . . (အနတ္တပါဘုရား) ထွက်လာတဲ့ အသံလေးကကော . . . (အနတ္တပါဘုရား)။

ထိုင်နေတဲ့ သဘောလေးကကော . . . (အနတ္တပါဘုရား) ဩော် ဦးခင်မောင် အနတ္တချည့်ပဲ။

ကောင်းပြီ ဒါဖြင့် ဒကာဒကာမတို့ အနတ္တတော့

ဒကာ ဒကာမတွေ ကောင်းကောင်းပိုင်ပြီ၊ ယနေ့ အစောကြီးပဲ ရှင်းပေးလိုက်တာနဲ့ အနတ္တကောင်းကောင်း ပိုင်သွားတယ်. . . (မှန်ပါဘုရား)။

လက္ခဏာ မပိုင်သေးဘူး. . . (မှန်လှပါဘုရား)၊ ဦးခင်မောင် ဘာမပိုင်ဘဲဖြစ်နေတုံး. . . (လက္ခဏာ မပိုင်ဘဲ ဖြစ်နေပါတယ်ဘုရား)။

အနတ္တတော့ ပိုင်တယ် ဒကာ ဒကာမတွေ လက္ခဏာ မပိုင်သေးဘူး. . . (မှန်လှပါ)၊ ကိုမြရွှေ ဒါရှေ့ကို ဆက်နားထောင်ပါ. . . (မှန်လှပါဘုရား)၊ တော်တော်အရေးကြီးလို့ ပြေနေတယ် . . . (မှန်လှပါ)။

ဒကာ ဒကာမတွေ ခုသိထားတာကတော့ အနတ္တတော့သိပြီ၊ ကိုယ်လုပ်ထားတာမဟုတ်ဘူး၊ သူတစ်ပါး လုပ်ထားတာ ဖြစ်လေသောကြောင့် မပိုင်ဘူးဆိုတာတော့သိတယ်. . . (မှန်လှပါ)၊ ဦးခင်မောင် ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

အဲတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ရုပ် အနတ္တ၊ ဝေဒနာ အနတ္တ၊ သညာ အနတ္တ၊ အနတ္တတော့ ဟောရှာပါတယ်။

မင်းတို့ သန္တာန်ရှိတဲ့ ခန္ဓာငါးပါးဟာ ဘယ်လိုဟောတုံး . . . (အနတ္တပါဘုရား)၊ အနတ္တလို့ ဟောလိုက်တယ်တဲ့ ဒကာ

ဒကာမတွေလဲ ယျှတော့ဖြင့် ယနေ့ သဘောကျပြီ။

နာမ်တရားလေး စားချင်တဲ့စိတ်ကလေးပေါ်လာတာကလည်း ဘာပါလိမ့် . . . (အနတ္တပါဘုရား) အင်း ပူတဲ့ရုပ်ကလေး ပေါ်လာတာကော . . . (အနတ္တပါဘုရား)။

အေးတဲ့ ရုပ်ကလေးပေါ်လာရင်ကော . . . (အနတ္တပါဘုရား) ပြုံးတဲ့ စိတ်ကလေး ပေါ်လာရင်ကော . . . (အနတ္တပါဘုရား) ယားတာလေးပေါ်လာရင်ကော . . . (အနတ္တပါဘုရား)။

အင်း ကောင်းတာလေး ပေါ်လာရင် . . . (အနတ္တပါဘုရား) သူတစ်ပါး လုပ်တာချည့်ကိုးဗျ . . . (မှန်လှပါ) ဦးခင်မောင် ဘယ်လိုဆိုပါ့မတုံး . . . (သူတစ်ပါးလုပ်တာချည့်ပါဘုရား)။

သူတစ်ပါးလုပ်ထားတာချည့် အကုန်စုနေတာချည့်ပဲ၊ ဒကာဒကာမတွေက ကိုယ်ပိုင်လုပ်စရာတော့အချက်အလက်အကွက်တော့ မပါတော့ပါဘူး . . . (မှန်လှပါ) ပါသေးရဲ့လား . . . (မပါပါဘူးဘုရား)။

ဒါဖြင့် ဩော် . . . အနတ္တဆိုတာက တို့ခန္ဓာငါးပါးပါလားဆိုတာ ယနေ့တော့ဖြင့် ရှင်းသွားပြီ . . . (ရှင်းပါပြီဘုရား)။

## အနတ္တက လက်ရှိခန္ဓာငါးပါး

ဦးခင်မောင်ရေ အနတ္တက ဘာတဲ့ဗျာ . . . (ခန္ဓာငါးပါးပါဘုရား) လက်ရှိ ခန္ဓာငါးပါး . . . (မှန်လှပါ) လက်ရှိခန္ဓာငါးပါးနော် ကိုယ်တောင် မထည့်လိုက်ပါနဲ့ လက်ရှိခန္ဓာငါးပါး . . . (မှန်လှပါဘုရား)။

ဦးဝ . . . (လက်ရှိ ခန္ဓာငါးပါးပါဘုရား) အခု ငါ့နေ တဲ့ခန္ဓာငါးပါး . . . (မှန်လှပါဘုရား) ကောင်းပြီ၊ . . ခုရှိနေတဲ့ ခန္ဓာငါးပါးဟာ အနတ္တဆိုတာတော့ဖြင့် သေချာပြီ။

ဒီ အနတ္တက ဦးခင်မောင်ရေ ဆဆက္ကသုတ်မှာ လာတဲ့ အနတ္တကို ပြောနေတာနော်. . . (မှန်လှပါဘုရား) ကောင်းပြီ ဒါဖြင့် ခန္ဓာငါးပါးကို အနတ္တတရားလို့ မှတ်လိုက်တာပေါ့ . . . (မှန်လှပါဘုရား)။

ခန္ဓာ ငါးပါးကို . . . (အနတ္တတရားပါဘုရား) ဦးဘတင် လက္ခဏာ မပေါ်သေးပါဘူး . . . လက္ခဏာ မပေါ်သေးပါဘူး ဒကာဒကာမတွေ လက္ခဏာ ရှင်းပြပါ ဦးမယ် . . . (မှန်ပါ့)။

ဘုရားက အနတ္တသုတ်လို့ မဟောပဲ၊ ဘယ်လိုမျာ ဟောပါလိမ့် အနတ္တလက္ခဏာသုတ်လို့ ဟောတယ် . . . (မှန်လှပါ) ဘယ်လိုဟောပါလိမ့် (အနတ္တ လက္ခဏာသုတ်ပါ ဘုရား)။

အနတ္တသုတ်လို့ ဟောကိုမဟောဘူး . . . (မဟော ပါဘူးဘုရား) သဘောကျပလား . . . (ကျပါတယ်ဘုရား)။

## ဘုရားက အနတ္တလက္ခဏာသုတ်လို့ ဟောတယ်

ဘယ်လို ဟောပါလိမ့် . . . (အနတ္တလက္ခဏာ သုတ်လို့ ဟောပါတယ်ဘုရား) ဒါဖြင့် ကျုပ်တို့က အနတ္တ တစ်ပိုင်းပဲ သိသေးတယ် ဦးဘတင်တို့က လက္ခဏာ မသိသေး ပါဘူး . . . (မှန်လှပါဘုရား)။

ဦးခင်မောင် ကျေနပ်ပလား . . . (ကျေနပ်ပါတယ် ဘုရား) ဒါ အသေအချာ စစ်ထုတ်တာပဲ ဒကာဒကာမတို့ မသိမရှိအောင်ပဲ တစ်ခါတည်း ဒီနေ့ နာရတာ ဒကာဒကာမ တွေ ဩော် . . . တို့ခန္ဓာ ငါးပါး အပြော တို့ခန္ဓာငါးပါးနော် အရှိကတော့ဖြင့် ကိုယ်နဲ့ဘာမှမဆိုင်တာ အနတ္တသဘော သက်သက် ကေန်ပါပဲဆိုတာ ပေါ်ကြပလား . . . (ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဦးခင်မောင် ရှေ့တစ်ဆင့် တက်တော့မယ်။ (မှန်လှပါဘုရား)။ ဘယ်တက်မယ်ဆိုတာ ဒကာဒကာမတွေ ရိပ်မိကြပါတော့ လက္ခဏာ ပြတော့မယ် . . . (မှန်လှပါဘုရား) ။ သဘောကျပလား. . . (ကျပါတယ် ဘုရား)။

ကောင်းပြီ ဒါဖြင့်ဒကာဒကာမတို့ "အိုး"ဘယ်သူလုပ်သတုံးလို့မေးလို့ရှိရင်ဖြင့်၊ ဒကာဒကာမတို့ အိုးဘယ်သူလုပ်သတုံးဆိုလို့ရှိရင်ဖြင့် အိုးဖြစ်လာအောင်၊ ရေထည့်တဲ့အခြေနေရောက်အောင်ခိုင်လာအောင် အင်း မီးကလုပ်တယ်. . . (မှန်လှပါ)။

အိုး ဘယ်သူလုပ်ပါလိမ့်. . (မီးကလုပ်ပါတယ်ဘုရား) ဒါကြောင့်လည်း အိုးဖြစ်လာခဲ့တယ်နော်၊လူကဆိုတာကတော့ ဖေးကာ၊ မ,ကာပါ။

တကယ်တမ်း လူချည့်သက်သက်နဲ့ ဦးဘတင် အိုးဖြစ်နိုင်ပါ့မလား. . . (မဖြစ်နိုင်ပါဘူးဘုရား) တကယ်ခိုင်ခန့်တည်တံ့အောင်လုပ်လာတာ ဘယ်သူက လုပ်တာတုံး. . . (မီးကပါဘုရား)။

ကောင်းပြီ ဒါဖြင့်အိုးကိုမီးကလုပ်တယ်. . . (မှန်ပါ့) မီးကလုပ်ပြီး သကာလ ဒီအိုးသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် မီးတည်းဟူသော အကြောင်းက လုပ်ထားသောကြောင့် အိုးဖြစ်လာတယ်။

အိုးသည်ကားလို့ ဆိုရင်ဖြင့် မြေအိုးဖြစ်လေသောကြောင့် အင်း လေတိုက်လို့သော်လည်းကောင်း၊ လွတ်ကျ၍သော်လည်းကောင်း၊ အင်း နေပူမိုးရွာနဲ့ ပျမ်းမျှကြေး နေပူလွန်းအားကြီးလို့ အက်ရသော်လည်းကောင်း၊ အင်း ရေထိ

သွားလို့ ပျော်ရသော်လည်းကောင်းဆိုတော့ လာနေပြီ ဗျ. . . (မှန်လှပါ). . . မလာရပေဘူးလား. . . (လာရပါ တယ်ဘုရား)။

ဒါဖြင့် သူများလုပ်ထားသောကြောင့် ဒကာ ဒကာမတို့ အနတ္တဖြစ်လေသောကြောင့် သူသည် မခိုင်တဲ့သဘော တစ် ခုခုပြောပြလိမ့်မယ်. . . (မှန်လှပါ)။ ပြောမသွားပေဘူးလား (ပြောပါတယ်ဘုရား)။

## ပင်ကိုသဘောစွန့်သွားတာလက္ခဏာ

ပြောသွားတဲ့အခါကျတော့မှ ဩော်နဂိုရှိတုန်းက အနတ္တ၊ သူ့ပင်ကိုသဘော စွန့်သွားတော့မှ လက္ခဏာ၊ ရှိနေတုံးက. . . (အနတ္တပါဘုရား)။

သူ့သဘောလေးစွန့်သွားတော့. . . (လက္ခဏာပါ ဘုရား) ဩော် ဒါဖြင့်အနတ္တကို သိရုံနဲ့မပြီးဘူး၊ လက္ခဏာ ရောက်မှသာလျှင် နေရာကျတော့မယ်. . (မှန်လှပါဘုရား)။ သဘောပါကြပလား. . . (ပါပါတယ်ဘုရား)။

ခန္ဓာငါးပါးဟာ ပင်ကိုရှိနေတုန်းကတော့ ဘယ်လို မှတ်ကြမယ်. . . (အနတ္တပါဘုရား)၊ ဖျတ်ဆိုရုပ်ကလေးကလည်း ပျက်စီးသွားတယ်။

စိတ်ကလေးကလည်း ခုပေါ်ခုပျက်စီးသွားတယ်၊ ပျက်

စီးသွားတဲ့အခါကျတော့ ဘာပေါ်လာတုံး. . . (လက္ခဏာ ပေါ်လာပါတယ်ဘုရား)။

## ဖြစ်တုန်းကအနတ္တ ပျက်သွားတော့လက္ခဏာ

ဩော်. . . ဒါနှစ်ခုပေါင်းမှသာလျှင် အနတ္တနဲ့လက္ခဏာနဲ့ဟာ ပြည့်စုံတယ်. . . (မှန်လှပါ)။

ဦးခင်မောင်. . . (မှန်လှပါ) နှစ်ခုပေါင်းမှ ပြည့်စုံတယ်။ တစ်ခုတည်း သိထားတော့ အနတ္တပဲသိတယ်. . . (မှန်လှပါဘုရား)၊ နောက်ကျတော့ အနတ္တလက္ခဏာကို သူပြလိုက်တယ်။

ကျုပ်ဟာခင်များတို့ မပိုင်ကြောင်းကိုရှင်းသထက်ရှင်းအောင်ပြပါ ဦးမယ်ဆိုပြီး နာမ်ကလေးကလည်း ဖျတ်ဆို ပျောက်ပျက်သွား တယ်. . . (မှန်လှပါဘုရား)။

ရုပ်ကလေးကလည်း. . . (ပျောက်ပျက်သွား ပါတယ်ဘုရား)။ပျောက်ပျက်သွားတဲ့အခါကျတော့ ဒကာဒကာမတွေကဩော်နဂိုကလည်း မပိုင်တာ မပိုင်တဲ့သဘော ဗောလောကြီးပေါ်အောင်ပဲ ပြောသွားတယ်ဆိုတဲ့ အဓိပ္ပာယ်မရဘူးလား. . . (ရပါတယ်ဘုရား)။

နဂိုကလည်း ဘာတုံး. . . (မပိုင်ပါဘူးဘုရား)။ နဂိုက မပိုင်တော့ကို ကြည့်ရင်းမတ္တနဲ့ပဲ မပိုင်တဲ့သဘောကို ရှင်းသထက်ရှင်းအောင် ဓမ္မက ပြောသွားပြန်တယ်. . .

(မှန်လှပါ ဘုရား)။

ဘယ်သူကပြောသွားတုံး . . . (ဓမ္မကပြောသွားပါတယ်ဘုရား) ဓမ္မကပြောသွားတော့ ဦးခင်မောင်တို့က ခေါင်းညိတ်ရမယ်. . . (မှန်လှပါ ဘုရား)။

ဩော်. . . အနတ္တလည်း ဟုတ်ပါပေတယ်။ လက္ခဏာလည်းဆိုက်ပါပေတယ်၊သူ့လက္ခဏာလည်း ပြပါပေတယ် (မှန်လှပါ ) ဘယ့်နှယ်ဆိုကြမယ်. . . (သူ့လက္ခဏာလည်း ပြပါတယ်ဘုရား)။

အနတ္တလည်း ဟုတ်ပါပေတယ်၊ လက္ခဏာလည်း ရှင်း ပါပေတယ်။အနတ္တလက္ခဏာမရှင်းသေးဘူးလား. . . (ရှင်းပါတယ်ဘုရား)။

ပင်ကိုရှိနေတုံးကဘာတဲ့. . (အနတ္တပါဘုရား) အင်းနောက်ကျတော့ ဒကာဒကာမတွေ ကိုယ့်စိတ်ကလေးက စားချင်တဲ့စိတ်ကလေးက ဖျတ်ဆိုပျောက်သွားတယ်။

အိပ်ချင်တဲ့စိတ်ကလေးက ဖျတ်ဆိုပျောက်သွားတယ် (မှန်ပ့ါ) အင်း ပေါ်လာတုန်းက အနတ္တပေါ့ဗျာ. . . (မှန်ပ့ါ) နောက်ပျောက်သွားတဲ့ အခါကျတော့. . . (လက္ခဏာပြပါတယ်ဘုရား) လက္ခဏာပြသွားတယ်။

## ဉာဏ်ကလေးနဲ့ခေါင်းညိတ်စမ်းပါ

လက္ခဏာပြသွားတော့မှ ဦးခင်မောင်တို့က ဦးဘတင်တို့က ဉာဏ်ကလေးနဲ့ ခေါင်းညိတ်စမ်းပါ. . . (မှန်လှပါဘုရား) အနတ္တလက္ခဏာကဖြင့်ကွာ အနတ္တပေါ် လည်း ယုံပါရဲ့ လက္ခဏာပေါ်မှာ လည်းတကယ့်ကိုပဲ ဆုံးဖြတ်ချက် ချနိုင်ပါရဲ့ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

အနတ္တဆိုတာလည်း. . (ယုံပါတယ်ဘုရား)။ လက္ခဏာကလည်းမှန်လိုက်တာ. . . (မှန်ပါ့)။

ဘယ်သူ့သဘော၊ ဘယ်သူ့အကြိုက် သူလိုက်သေးသတုံး. . . (မလိုက်ပါဘူးဘုရား)။ နာမ်ဓမ္မ၊ ရုပ်ဓမ္မကလေ. . . (မလိုက်ပါဘူးဘုရား)။

## ဘယ်သူ့အကြိုက်မှမလိုက်လက္ခဏာကပြောတာ

မည်သူ့သဘော မည်သူ့အကြိုက်မှ ဒကာသစ်တို့ကို မြွေတို့ လိုက်သေးရဲ့လား. . . (မလိုက်ပါဘူးဘုရား) အဲဒီမလိုက်တာက သူ့လက္ခဏာ ပြောတာ. . . (မှန်ပါ့)။

ဒါဖြင့်ဒကာ ဒကာမတို့ အနတ္တနဲ့ လက္ခဏာကောကွဲပါပလား (ကွဲပါတယ်ဘုရား)။ ဦးခင်မောင် ဒီဥစ္စာသိပ်အရေးကြီးတယ်. . . (အရေးကြီးပါတယ်ဘုရား)။

ဒကာ ဒကာမတွေ အရေးမကြီးတဲ့နေ့ မပါဘူးနော် . . . (မှန်လှပါ)။ အရေးမကြီးတဲ့နေ့မပါဘူး။ သေသေချာချာ ဂရုစိုက်ပြီးနား ထောင်ပါ။ဒီနေ့ ဒီနှစ်လုံးကို ရေလည်အောင် ပြောမှာပဲ ဒါနဲ့နိဗ္ဗာန်ဝင်အောင် ပြောရမှာပဲ. . . (မှန်ပါ့)။

ကိုင်းဒါဖြင့် ဒကာဒကာမတို့ ခန္ဓာထဲမှာ ဘာလေး ပေါ်လာလာပေါ်လာအစ ဘာခေါ်ကြမယ်. . . (အနတ္တ ပါဘုရား)။ ပျောက်သွားရင်ဘာဆိုကြမယ်. . . (လက္ခဏာပါ ဘုရား)။

အဲ ပျောက်သွားတော့ လက္ခဏာသိတယ်၊ ပေါ်တော့ အနတ္တသိတယ်။ ပျောက်တော့. . . (လက္ခဏာသိပါတယ်ဘု ရား)။ ပေါ်တော့. . . (အနတ္တ သိပါတယ်ဘုရား)။ ပျောက် သွားတော့. . . (လက္ခဏာသိပါတယ်ဘုရား)။

အဲဒီလို လက္ခဏာ သိမှသာလျှင် ဒါဖြင့်လက္ခဏာက ဘာလက္ခဏာတုံးဆိုတော့ အနတ္တ ၏ လက္ခဏာ၊ ဦးဘတင် ဘာတဲ့. . . (အနတ္တ၏လက္ခဏာ ပါဘုရား)။

## အနတ္တလက္ခဏာဉာဏ်

အနတ္တ၏လက္ခဏာဆိုတော့ ခင်ဗျားတို့က အင်း အနတ္တ၏လက္ခဏာ ကလေးကို ဉာဏ်ကလေးနဲ့ တွေးလိုက် တဲ့အခါကျတော့၊ အနတ္တ၏လက္ခဏာ လေးကို မမွှက ပြော

သွားတဲ့အခါ ကျတော့၊ ဦးခင်မောင်တို့ဩော် အနတ္တ၏လက္ခ ဏာ ရှင်းလိုက်တာ. . . (မှန်လှပါ)

မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား) ဦးဝ. . (ဆိုနိုင်ပါတယ်ဘုရား)။ အဲဒီ ရှင်းလိုက်တာ ဆိုတာလေးဟာ အနတ္တလက္ခဏာသိတဲ့ အနတ္တလက္ခဏာဉာဏ်. . . (မှန်ပါ့)။ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ရှင်းလိုက်တာလေး ဆိုတာက ဘာပါလိမ့်. . (အနတ္တ လက္ခဏာဉာဏ်ပါဘုရား)။ အနတ္တလက္ခဏာဉာဏ်. . . (မှန် ပါ့) ရှင်းပလား. . , (ရှင်းပါပြီဘုရား)။

## အနတ္တလက္ခဏာဉာဏ်ရတော့မှ အတ္တပြုတ် သွားတယ်

ဩော် ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ အနတ္တ လက္ခဏာဉာဏ်ရတော့မှ ခုနင်က အတ္တပြုတ်သွားတာကိုး. . (မှန်လှပါ) အတ္တပြုတ်သွားတယ်။ အနတ္တလက္ခဏာဉာဏ်ရ လိုက်တဲ့အခါကျတော့ ဘာပြုတ်သွားတုံး. . . (အတ္တ ပြုတ် သွားပါတယ်ဘုရား)။

အတ္တဒိဋ္ဌိပြုတ်သွားတယ် သဘောကျကြလား. . . (ကျပါတယ်ဘုရား) ရှင်းအောင် ပြောနေပြီ (မှန်ပါ့) အင်မတန် ရှင်းအောင်ပြောနေတယ်ဆိုတာ ယုံကြပလား. . (ယုံပါတယ်ဘုရား)။

ကဲ ဒါဖြင့် ခမ္မလေးတစ်ခု ပေါ်လာတယ်၊ ခန္ဓာထဲမှာ ရုပ်ကလေး ရုပ်အသစ်ပေါ်လာတယ်၊ နာမ်အသစ် ပေါ်လာတယ် ဘာဆိုကြမယ်. . . (အနတ္တပါဘုရား)။

အင်း ပေါ်လာပြီး စောင့်ကြည့်နေတော့ ဦးခင်မောင်တို့က ပျောက်သွားတာပဲ. . . (မှန်လှပါ)။ စောင့်ကြည့်နေတော့ (ပျောက်သွားပါတယ်ဘုရား)။

## ပျောက်သွားတာလက္ခဏာ

ပျောက်သွားတော့ ဘာတွေများပြောသတုံး. . . (လက္ခဏာပြောသွားပါတယ်ဘုရား)။ လက္ခဏာ ပြောသွားတော့ ခင်ဗျားတို့က မသိလိုက်ဘူးလား. . . (သိပါတယ်ဘုရား)။

## သိတာကဉာဏ်

ဒါဖြင့် ခင်ဗျားတို့ သိလုံးကလေးဟာ ဘာပါလိမ့်မတုံး ဆိုတော့ အို ဒါဉာဏ်သိလုံးလေးကို (မှန်ပါ့) အနတ္တလက္ခဏာဉာဏ်လေးတွေ (မှန်ပါ့)။

## အနတ္တလက္ခဏာဉာဏ်

ဘယ်လို ဆိုကြမယ် (အနတ္တလက္ခဏာဉာဏ်လေး

တွေပါဘုရား) အို. . . အနတ္တလက္ခဏာ ဉာဏ်လေးရလိုက် တယ်ဆိုကတည်းက အတ္တဒိဋ္ဌိ နင်သွားတော့ ဟယ်လို့ ငါ့ကိုယ် ငါ့ဟာထင်တာ နင်သွားတော့လို့ မောင်းရသေးရဲ့ လား. . . (မမောင်းရပါဘူးဘုရား)။

မမောင်းရပါဘူး ဒကာ ဒကာမတို့ ကောင်းကောင်း သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ဒါဖြင့် ပေါ်လာရင် ဘာဆိုကြ. . . (အနတ္တပါ ဘုရား) ပျက်ပြတော့. . . (လက္ခဏာပါဘုရား) သဘောကျ ပလား. . . (ကျပါတယ်ဘုရား)။

ကိုင်း အနတ္တမှ မသိတဲ့ပုဂ္ဂိုလ်ဟာ လက္ခဏာသိဖို့ ဦးဘတင်တို့. . . (မဖြစ်နိုင်ပါဘူးဘုရား) မဖြစ်နိုင်ဘူး။ မဖြစ်နိုင်ဘူးဆိုတာ ခု အသေအချာ စစ်ပြောတော့မှ ပေါ်လာ တာ. . . (မှန်လှပါဘုရား)။

နို့ မဟုတ်လို့ရှိရင်ဖြင့် ဒကာ ဒကာမတွေက သူတို့ အိုးကွဲသွားတော့မှ သားလေး၊ သမီးလေး စွန့်ပစ်လိုက်ရမှ အို အနတ္တမို့ လက်လျှော့လိုက်ရတယ် ဆိုတာက နဂိုက အနတ္တ သူသိခဲ့တာ မဟုတ်ဘူး (မှန်လှပါဘုရား) သဘောပါ ကြပလား. . . (ပါပါတယ်ဘုရား)။

နဂိုကိုက ဘာတုံး. . . (အနတ္တပါဘုရား) နဂိုကိုက ခန္ဓာငါးပါးဟာ ဘာတရားတုံး. . . (အနတ္တပါဘုရား)။

အဲတော့ သူတို့ကသေမှ အနတ္တမို့ မတတ်နိုင်လို့ စွန့်လိုက်ရတယ်ဆိုတော့ နဂိုက အတ္တရှိတယ် သူ့မှာ (မှန်လှပါဘုရား) ဒါဖြင့် အတ္တက အတော်ရှည်နေပြီ. . . (မှန်ပါ့) မရှည်ဘူးလား. . . (ရှည်ပါတယ်ဘုရား)။

ဟို တကယ်တမ်း ဒေါမနဿနဲ့ စွန့်လိုက်တော့မှ အနတ္တမို့ လက်လျှော့လိုက်ရတယ်ဆိုတဲ့ ဥစ္စာကျတော့ သူသည် အနတ္တမသိပါဘူး. . . (မှန်ပါ့)။

မသိတဲ့အတွက် လက္ခဏာကိုလည်း မသိတဲ့အတွက် တစ်ခါတည်း မျက်ရည်ကျတယ်. . . (မှန်လှပါဘုရား) မျက်ရည်ကျပြီး စိတ်ထဲ ဒေါမနဿတွေ ဖြစ်လာတယ်. . . (မှန်ပါ့)။

မကျေနပ်ပဲ သုံးနှစ်သုံးလီ မမေ့နိုင်တဲ့ ဒေါမနဿ အကြီးဆုံးဖြစ်လာတယ် (မှန်လှပါ) အဲဒါ ဘာမသိတာတုံး ဆိုတာ ရိပ်မိပလား. . . အနတ္တတုန်းကလည်း မသိခဲ့ဘူး. . . (မှန်ပါ) လက္ခဏာပြတော့ကော. . . (မသိပါဘူးဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘုရားအဆူဆူနဲ့ လွဲခဲ့တာဟာ ယနေ့ဖြင့် ကောင်းကောင်းပေါ်ပါပြီ. . . (မှန်လှပါဘုရား)။

အနတ္တ ခန္ဓာလို့လဲ မသိခဲ့ဘူး၊ အနတ္တ၏ ခန္ဓာက လက္ခဏာကို ပြလိုက်ပြန်တော့လည်း ခင်ဗျားတို့ အပယ်သွား

ဖို့ချည်းဖြစ်နေတယ်။ (မှန်လှပါဘုရား)။

ဦးခင်မောင် ဘယ်လိုဆိုမယ်. . . (အပါယ်သွားဖို့ ချည်းပါဘုရား) ဘယ့်နှယ်ကြောင့် အပါယ်သွားဖို့ ဖြစ်ရတုံး လို့ မေးတဲ့အခါကျမှ ဦးဘတင် အနတ္တကို မသိလို့ လက္ခဏာ ပြတော့ကော အပါယ်သွားတာပဲ. . . (မှန်လှပါဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## နဂိုကအနတ္တမသိခဲ့လို့

အနတ္တကို မသိခဲ့လို့. . . (လက္ခဏာပြတော့ အပါယ်သွားပါတယ်ဘုရား) ကိုင်း ဒီဥစ္စာ ဆုံးဖြတ်ချက်ကျပြီ ဒကာ ဒကာမတို့ ဆုံးဖြတ်ချက်ကျပြီ မကျသေးဘူးလား. . . (ကျပါတယ်ဘုရား)။

နဂိုကိုက ဘာမသိခဲ့တုံး. . . (အနတ္တ မသိခဲ့ပါဘူး ဘုရား) ဘယ်သိမတုံးဗျ ဒီလိုဆရာသမားကောင်းနဲ့ ရုပ်မှာ အကြောင်းတရားလေးပါးက ပြုပြင်ထားတာ၊ မင်းတို့ဟာ မဟုတ်ဘူး အစောကြီးက မသိဘူး. . . (မှန်ပါ့)။

နာမ်မှာ အကြောင်းတရား နှစ်ပါးက ပြုပြင်ထားတာ မင်းတို့ဟာ မဟုတ်ဘူးလို့ ဒီလိုက သိမထားတော့ကို ဒီလို ပင်ကိုပေါ်လာတာလေးကို ကံကောင်းလို့ သားကောင်းလေး ထွန်းကားလာတယ်၊ သမီးကောင်းလေး ထွန်းကားလာတယ်။

## ကမ္မဝါဒီ ဒိဋ္ဌိဖြစ်နေတယ်

ကံပေါ်မှာချည့် ယူချလိုက်တယ်. . . (မှန်လှပါဘုရား) သဘောကျပလား. . . (ကျပါတယ်ဘုရား) ကံပေါ်မှာချည့် ယူချလိုက်တဲ့အခါကျတော့ ကမ္မဝါဒီ ဒိဋ္ဌိဖြစ်သွားတယ်။ (မှန်ပါ့)

ဒီကံချည့် ပြုပြင်လို့ရတာလားဆိုတော့ ဒီကလေး၏ ရုပ်နာမ်မှာ ဦးဘတင် လေးပါးမနေလားဗျာ (လေးပါးပါဘုရား) လေးပါးတစ်ပါးယူတော့ သူဒိဋ္ဌိ ဟုတ်မဟုတ်. . . (ဟုတ်ပါတယ်ဘုရား) သဘောကျပလား. . . (ကျပါတယ်ဘုရား)

လေးပါးတစ်ပါးထဲယူတော့ (ဒိဋ္ဌိပါဘုရား) ဒိဋ္ဌိပဲ ဒိဋ္ဌိဖြစ်ရတာ အကြောင်းမစုံလို့ ဖြစ်ရတာချည့်မှတ်. . . (မှန်ပါ့ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာဒကာမတို့ ဘုရားအဆူဆူနဲ့ လွဲခဲ့တာ အနတ္တလည်း မသိခဲ့လို့ပါဘုရား၊ လက္ခဏာပြတော့လည်း ဘုရားနဲ့ရန်ဖြစ်ပါတယ်ဘုရား၊ ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)။

ဒါကြပ်ကြပ်စဉ်းစားပါခင်ဗျားတို့ သေချာစဉ်းစား၊ သေချာစဉ်းစား၊ ဘုန်းကြီးက ဒကာ ဒကာမတွေ ဝမ်းထဲမှာ ဒီအတိုင်းရှိတယ်ဆိုတဲ့ ဥစ္စာကိုပဲ တစ်သံသရာလုံးက

ဒီအတိုင်း ရှိတယ်ဆိုတော့ ဦးဘတင် ရှင်းအောင်ပြောနေတာ. . (မှန်လှပါဘုရား)

အနတ္တကော သူတို့သိရဲ့လား. . . (မသိပါဘူးဘုရား) ကဲ အနတ္တမသိတဲ့အတွက် လက္ခဏာပြလိုက်သည်နှင့် တစ်ပြိုင်နက်တည်း ဒကာ ဒကာမတွေ ဘုရားနဲ့ ရန်ဖြစ်၊ တရားနဲ့ရန်ဖြစ်တယ်. . . (မှန်လှပါဘုရား)။

မဖြစ်သေးဘူးလား၊ ဖြစ်လား. . . (ဖြစ်ပါတယ်ဘုရား) ဘာကြောင့် လက္ခဏာပြတော့ တရားနဲ့ ရန်ဖြစ်ပါလိမ့်မတုံး ဘုရားနဲ့ ရန်ဖြစ်ပါလိမ့်မတုံး မေးကြည့်စမ်း ဦးဘတင်. . .

အနတ္တမသိလို့ မူလအနတ္တကို မသိလို့. . . (မှန်ပါ့) ရှင်းပလား. .. (ရှင်းပါပြီဘုရား) ဘာမသိတာပါလိမ့်. . . (မူလအနတ္တကို မသိတာပါဘုရား)။

## အတ္တဒိဋ္ဌိနဲ့အမြဲနေခဲ့တယ်

ဒါဖြင့် ခင်ဗျားတို့သည် အနတ္တလည်းမသိ၊ လက္ခဏာလည်းမသိဘဲ ဖြစ်ပြီးနေခဲ့တော့၊ အတ္တဒိဋ္ဌိနဲ့ အမြဲနေခဲ့လေရဲ့၊ ဒါကြောင့် အပါယ်မြဲတယ်. . . (မှန်လှပါဘုရား)။

သတ္တုချပြီ၊ ဦးဘတင်. . . (မှန်လှပါ)၊ သတ္တုချပြီ ဆိုတော့ ဒီမရောက်ဘူးလား. . . (ရောက်ပါတယ်ဘုရား) သေသေချာချာ ရောက်ပြီနော် ဒကာဒကာမတို့ (မှန်လှပါ)။

အသေအချာ မရောက်သေးဘူးလား. . . (ရောက်ပါတယ်ဘုရား) ကောင်းပြီ၊ ဒါဖြင့် ယနေ့ ရှင်းရတာ ဝိပဿနာရှုတဲ့ နေရာမှာဖြင့် ခင်ဗျားတို့ ချက်ချင်းပဲ မဂ်ဖိုလ်ဆိုက်အောင်လို့ ဒီဉာဏ်ကိုရှေ့က ပြောနေတာ. . . (မှန်လှပါဘုရား)။

ဒီဉာဏ်ကိုရှေ့ကပြောနေတာ၊ တစ်လုံးထဲမိလိုက်ရင် ကိစ္စပြီးအောင်လို့ ဦးခင်မောင်ရဲ့ အရေးတကြီး ပြောနေတာနော်. . . (မှန်လှပါဘုရား)။

ကိုင်း ဒါဖြင့် ဒကာ ဒကာမတို့ ခန္ဓာ ငါးပါးဟာ ရှိနေတုန်း ဘာတရားခေါ်ကြမယ်. . . (အနတ္တပါဘုရား)။

ဖောက်ပြန်ပျက်စီးသွားရင်. . . (လက္ခဏာပါဘုရား) ကောင်းပြီ ဒါဖြင့် အနတ္တနဲ့ လက္ခဏာဆိုတာကော ရှင်းသွားပလား. . . (ရှင်းပါပြီဘုရား)။

အဲဒီ လက္ခဏာ အနတ္တကိုလည်းသိ၊ လက္ခဏာကိုလည်းသိတဲ့ ဉာဏ်မှသာလျှင် ဘာဉာဏ်ခေါ်ကြမယ်. . . (အနတ္တလက္ခဏာဉာဏ်ပါဘုရား)။

အံမလေး ဦးဘတင်တို့ မနည်းပြောရပါလား. . .

(မှန်လှပါဘုရား) အနတ္တလက္ခဏာ ဉာဏ်ကလေးဖြစ်ဖို့ကို အနတ္တကို မသိတုန်းကလည်း ဉာဏ်မလာနိုင်ဘူးဗျ. . . (မှန်လှပါ)။

လက္ခဏာကို မပြရင်လည်း. . . (ဉာဏ်မလာပါဘူး ဘုရား) ဉာဏ်မလာနိုင်ဘူးဆိုတော့ အနတ္တလက္ခဏာ ဉာဏ် ဆိုတဲ့ဥစ္စာ အနတ္တလဲ သိဦးမှ လက္ခဏာလဲ (သိဦးမှပါဘုရား)

ဒါမှ ဘာဉာဏ်ဖြစ်မတုံး. . . (အနတ္တလက္ခဏာ ဉာဏ်ပါဘုရား) အဲဒီ ဉာဏ်ကမှလဲ ခုနက အတ္တဒိဋ္ဌိဖြုတ်နိုင် တာကိုးဗျ. . . (မှန်လှပါ)။ နို့မဟုတ်ရင် ဖြုတ်နိုင်ပ့ါမလား (မဖြုတ်နိုင်ပါဘူးဘုရား)။

ဩော် ဒကာ ဒကာမတွေ နားကြီးကြီးနဲ့ ထောင်ပြီး ဒီတရားတစ်လုံးတည်းနဲ့ ခင်ဗျားတို့ လိုရာခရီးဆိုက်တော့မယ် ဆိုတာ ဆုံးဖြတ်ချက်ချပါ. . . (မှန်လှပါဘုရား)၊ ရှင်းပြီလား ဉာဏ်ထဲမှာ. . . (ရှင်းပါပြီဘုရား)။

အသေအချာ ရှင်းကြပါ၊ အသေအချာ ရှင်းကြပါ၊ မရှင်းပြန်ပြောနေမှာပဲ. . . (မှန်ပ့ါ) မရှင်းရင်တော့ ရှင်း သထက် ရှင်းအောင် ပြောရမှာပဲ. . . (မှန်လှပါ)။

## ခန္ဓာငါးပါး တစ်ပါးပါးပေါ်ရင်အနတ္တာ

ခုတော့ သေချာပလား. . . (သေချာပါပြီဘုရား)

တရားဓမ္မကလေးတွေ ခန္ဓာကိုယ်ထဲမှာ ခန္ဓာငါးပါးတစ်ပါးပါး ပေါ်ရင် ဘာဆိုကြမယ်. . . (အနတ္တပါဘုရား)။

အင်း အဲဒါလေးသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ရှေ့ဉာဏ်အောက်မှာပဲ ပျောက်သွားပါလိမ့်မယ် (မှန်လှပါဘုရား) ဟုတ်ဖူးလား. . . (မှန်လှပါ)။

## ပျောက်သွားတဲ့အခါ လက္ခဏာ

ဉာဏ်အောက်မှာ ပျောက်သွားတဲ့အခါကျတော့ သူက ဘာပြောသွားတုံး. . . (လက္ခဏာ ပြောသွားပါတယ် ဘုရား) လက္ခဏာ ပြောသွားတော့ ခင်ဗျားတို့ ဉာဏ်ထဲမှာ ဘယ်ဉာဏ်ရလိုက်သတုံးလို့မေးရင် ဘယ့်နှယ်ပြောမတုံး. . . (အနတ္တလက္ခဏာဉာဏ်ပါဘုရား)။

အနတ္တ သိတဲ့ဉာဏ်လဲရတယ်. . . (မှန်လှပါ) လက္ခဏာ (သိတဲ့ဉာဏ်လဲရပါတယ်ဘုရား)။

ဒါဖြင့် ပေါင်းလိုက်တော့ (အနတ္တလက္ခဏာဉာဏ်ပါ ဘုရား) အနတ္တလက္ခဏာဉာဏ် သေသေချာချာရတယ်. . . (မှန်လှပါ) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ဘာဉာဏ်ရပါလိမ့်

ဘာဉာဏ်ရပါလိမ့်. . . (အနတ္တလက္ခဏာဉာဏ်

ရပါတယ်ဘုရား) အင်း ပေါ်တာသိတုန်းက ဘာရတုံး. . . (အနတ္တပါဘုရား) ပျက်တာသိတော့. . . (လက္ခဏာပါ ဘုရား)။

ဩော် ပေါင်းလိုက်တော့. . . (အနတ္တလက္ခဏာ ဉာဏ်ပါဘုရား)။ ဒါဖြင့် အနတ္တလက္ခဏာဉာဏ် ရောက်ချင် လို့ရှိရင်လည်း ခန္ဓာတစ်ပါးပါး၏ ဖြစ်မှုနဲ့ ပျက်မှုဟာ မပါရင် မပြီးသေးဘူးပေါ့ဗျာ. . . (မှန်လှပါ)။

## ဖြစ်မှုပျက်မှုပဲ

ဦးဘတင် ပြီးပါ့မလား. . . (မပြီးပါဘူးဘုရား) မပြီး ဘူးဆိုတာ သဘောကျပလား . . . (ကျပါတယ်ဘုရား) ကဲနောက်ဆုံးပိတ်ကျတော့ ဖြစ်ပျက်သာပြန်ဝင်တာပဲ . . . (မှန်လှပါဘုရား) ဦးဝကြီးကျေနပ်ပလား. . . (ကျေနပ် ပါတယ်ဘုရား)၊

ကောင်းပြီ ဒါဖြင့် ဒီထက်ရှင်းအောင် ဘုန်းကြီးက ပြောပါဦးမယ်၊ ခုတော့ဖြင့် ဒကာ ဒကာမတွေ အနတ္တ လက္ခဏာဉာဏ်ကလေး တစ်ခုဝေဒနာလေး ကြည့်လိုက်ပြန် လည်း ဝေဒနာပေါ်လာရင် အနတ္တ၊ ပျောက်သွားရင် (လက္ခဏာပါဘုရား)။

မြင်လိုက်တာလေးက. . . (ဉာဏ်ပါဘုရား) ဉာဏ်

ဘာဉာဏ်ခေါ်ကြမယ်. . . (အနတ္တလက္ခဏာ ဉာဏ်ပါဘုရား) အနတ္တလက္ခဏာ ဉာဏ်ဖြစ်သွားပြီဆိုတာ သေချာပလား. . . (သေချာပါပြီဘုရား)။

ကောင်းပြီ ဒါက ဆရာ ဘုန်းကြီးက ရှင်းသထက် ရှင်းအောင်ပြောတာ (မှန်လှပါ) ဘုရားက မင်းတို့ ဒီထက် ရှင်းအောင် ငါပြောမယ် ဆိုပြီး ဆဆက္ကသုတ် ကျပြန်တော့ ဦးခင်မောင် လာပြန်ပြီ . . . (မှန်လှပါ)။

ဆဆက္ကသုတ်က ဘယ်လိုများ လာလိုက်သတုံးဆို တော့၊ ဟောဒီကံဆိုတာလည်း စေတနာမဟုတ်လား ဒကာဒကာမတို့. . . (မှန်လှပါဘုရား)၊ သူ့ကိုယ်တိုင်က နာမ်ဓမ္မဖြစ်နေသောကြောင့် အတိတ်က နာမ်ဓမ္မအဖြစ်နဲ့ သူ့ကိုယ်တိုင်က အနတ္တမို့ သူက ပြုပြင်တာ ဘယ်လိုဆိုကြမယ် (အနတ္တပါဘုရား)။

ဩော်. . . ဒါက ပိုရှင်းသေး. . . (မှန်ပါ့) မရှင်းဘူးလား. . . (ရှင်းပါတယ်ဘုရား)။

## အကြောင်းအနတ္တမို့ အကျိုးအနတ္တ

အကြောင်း အနတ္တမို့ ဘယ်လိုဆိုကြမယ်. . . (အကျိုးအနတ္တပါဘုရား) ဩော်. . . သဘောကျပြီနော်. . (ကျပါတယ်ဘုရား)။

အကြောင်း အနတ္တမို့. . . (အကျိုးအနတ္တပါဘုရား) ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့က သူ့ပြုပြင်တဲ့ ခု တရားနာနေကြတဲ့ ခန္ဓာငါးပါးရှိပါတယ်. . . (မှန်လှပါ)။

သူ့ပြုပြင်တဲ့အကြောင်းကိုက ဘာတွေတုံး. . . (အနတ္တပါဘုရား) ဩော်. . . ဒါဖြင့် အကျိုးတရားက ခိုင်ချင်၊ မြဲချင် တည်တံ့ချင်လို့တော့ ရပ့ါမလား. . (မရပါဘူးဘုရား)။

ဘယ့်နှယ့်ဆိုမတုံး ဒါဖြင့် အကျိုးတရားကို. . . (အနတ္တပါဘုရား) ဒါဖြင့် ဒီသခ်ီရ တရားကြီး ဘယ့်နှယ် ဆိုကြမယ်. . . (အနတ္တပါဘုရား)။ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

တော်တော်ပေါ်သွားပြီ. . . (မှန်ပ့ါ) ဦးခင်မောင် ပေါ်ပလား. . . (ပေါ်ပါပြီဘုရား) ဦးဘတင် ပေါ်ပလား. . (ပေါ်ပါပြီဘုရား)။

အကြောင်းကိုက ဘာပါလိမ့်. . . (အနတ္တပါဘုရား) ဒါဖြင့် ကျုပ်တို့ ခုထိုင်နေတဲ့ ရုပ်နာမ်ကြီး ဘာခေါ်ကြပ့ါ. . . (အနတ္တပါဘုရား)။ အနတ္တပဲဆိုတာ သေချာပလား. . . (သေချာပါပြီဘုရား)။

ကိုင်း ဒါဖြင့် အနတ္တ ဟုတ်တယ်မဟုတ်တယ် ခဏ လေး စောင့်ကြည့်လိုက်ရင် ဘာတွေများ ပြောမယ်ထင် တုံး. . . (လက္ခဏာပြောမှာပါဘုရား)။

လက္ခဏာ အသေအချာပြောတော့မယ်. . . (မှန်လှပါ) မပြောပေဘူးလား. . . (ပြောမှာပါဘုရား)။ ယားတဲ့ နေရာလေး ဒကာ ဒကာမတွေက အင်း ယားတဲ့ နေရာ ဝေဒနာက္ခန္ဓာလေးပေါ်တယ်။

စောင့်ကြည့်နေစမ်း ဖျတ်ဆို ပျောက်သွားတယ်. . . (မှန်လှပါဘုရား)။ မပျောက်ဘူးလား. . . (ပျောက်ပါတယ်ဘုရား)။ အင်းယားတာက အနတ္တ. . . (မှန်ပါ့)။

ယားတာက သူယားချင်လို့ ယားတာလား အကြောင်းက တိုက်ဆိုင်လို့ယားတာလား. . . (အကြောင်းက တိုက်ဆိုင်လို့ ယားတာပါဘုရား)။

အင်း ဟိုက ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ ယားတတ်တဲ့ မြေမှုန့်တို့ ဘာတို့နဲ့ထိလို့ ယားတတ်တဲ့ ဝေဒနာလေး ပေါ်လာတာ (မှန်ပါ့) ကိုယ်လုပ်တဲ့ ဝေဒနာ ဟုတ်ပါရဲ့လား. . . (မဟုတ်ပါဘူးဘုရား)။

အင်း စောင့်ကြည့်နေတော့လည်း ပျောက်သွားတယ် (မှန်ပါ့) ပျောက်သွားတော့ နဂိုပေါ်တုန်းက အနတ္တ၊ ပျောက်သွားတော့ လက္ခဏာ သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့မှာ ဘယ်ဉာဏ်ရလိုက်ပါလိမ့်. . . (အနတ္တ လက္ခဏာဉာဏ် ရပါတယ်ဘုရား)။

အနတ္တ လက္ခဏာဉာဏ် ရလိုက်တော့ကိုး ဒကာ ဒကာမတို့ ပဋိစ္စ သမုပ္ပါဒ် ပြတ်ထွက်သွားတယ်. . . (မှန်လှ ပါဘုရား)။

ကဲ ရှေ့ကြည့်ကြပါ ပဋိစ္စသမုပ္ပါဒ်ပြတ်ပုံ ရှင်းပြလိုက် မယ်နော်၊ ဟောဒီ ခန္ဓာငါးပါးကို ဘာခေါ်ကြမယ် ဒကာ ဒကာမတို့. . . (အနတ္တပါဘုရား) အနတ္တ ပျက်သွားရင် (လက္ခဏာပါဘုရား) လက္ခဏာ။

## အနတ္တလက္ခဏာဉာဏ်ဆိုတာ မဂ္ဂင်ငါးပါး

အဲဒီ အနတ္တနဲ့ လက္ခဏာကို နှစ်ခုစလုံး သိတာလေး ကို ဘာခေါ်ကြမယ်. . . (အနတ္တ လက္ခဏာဉာဏ်ပါဘုရား) အနတ္တ လက္ခဏာ ဉာဏ်ဆိုပြီး ဒီက အနတ္တလက္ခဏာဉာဏ် ဆိုတာ ဒကာ ဒကာမတွေကမှတ်လိုက်ပါတော့ မဂ္ဂင်ငါးပါး ပါပဲ. . . (မှန်ပါ့)။

ဒီခန္ဓာငါးပါး တစ်ပါးပါးကို အနတ္တလက္ခဏာ ဉာဏ်ပေါ်အောင် လုပ်ရမယ်ဆိုတာက မဂ္ဂင်ပေါ်လာတာ (မှန်လှပါ) သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ဘာပေါ်လာတုံး. . . (မဂ္ဂင်ပေါ်လာပါတယ်ဘုရား) မဂ္ဂင်ပေါ်လာတယ်ဆိုတာ ကောင်းကောင်းသေချာပလား. . (သေချာပါတယ်ဘုရား)။

## သမ္မာဒိဋ္ဌိခေါင်းဆောင်နေတယ်

ဩော်. . . ဒါသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် မဂ္ဂင်ထဲမှာလဲ ဦးဘတင်က ကြည့်လိုက်စမ်း၊ ကိုမြရွှေတို့က ကြည့်လိုက်စမ်း၊ မဂ္ဂင်ထဲ ဘယ်သူ ခေါင်းဆောင်နေတုံးဆိုတော့ သမ္မာဒိဋ္ဌိ ခေါင်းဆောင်နေတယ်. . . (မှန်ပါ့)။

သမ္မာဒိဋ္ဌိ ခေါင်းဆောင်နေတော့ ခုနင်က အနတ္တလက္ခဏာဉာဏ်ထဲမှာ သမ္မာဒိဋ္ဌိက ခေါင်းဆောင်နေတယ်ဆိုတာ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

နဂိုက ငါ့ကိုယ်ငါ့ဟာ လုပ်နေတာ မိစ္ဆာဒိဋ္ဌိက ခေါင်းဆောင်တယ်. . . (မှန်လှပါဘုရား)။

အင်း နဂိုတုန်းကတော့ ခန္ဓာငါးပါး ငါ့ကိုယ်ငါ့ဟာလုပ်တုန်းက (မိစ္ဆာဒိဋ္ဌိက ခေါင်းဆောင်နေပါတယ်ဘုရား) ခုတော့ သမ္မာဒိဋ္ဌိခေါင်းဆောင်တယ် ဆိုကတည်းက မိစ္ဆာဒိဋ္ဌိဟာ လောဘနဲ့ တွဲနေတော့ လောဘနဲ့ တွဲနေတဲ့ ဒိဋ္ဌိဟာ ဒီနေရာမှာ ဒိဋ္ဌိတဏှာ မပြုတ်ဘူးလား. . . (ပြုတ်ပါတယ်ဘုရား)။

## တဏှာပြုတ်တယ်

ဒါဖြင့် တဏှာပြုတ်တော့ တဏှာနောက်က လိုက်တဲ့ ဉပါဒါန်. . . (ပြုတ်ပါတယ်ဘုရား) ကံတွေ. . . (ပြုတ်ပါတယ်ဘုရား)။

အင်း ဘယ့်နှယ်ကြောင့် ပြုတ်ပါလိမ့်မတုံးဆိုတော့ အို. . . သမ္မာဒိဋ္ဌိမဂ္ဂင်ငါးပါးပေါ်လာလို့. . . (မှန်လှပါဘုရား) ဝိပဿနာမဂ္ဂင် ပေါ်လာလို့. . . (မှန်လှပါဘုရား) ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ဘာပေါ်လာပါလိမ့်. . . (ဝိပဿနာမဂ္ဂင်ပေါ်လာလို့ပါဘုရား)။ ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် ပြတ်မပြတ်. . . (ပြတ်ပါတယ်ဘုရား)

## ပဋိစ္စသမုပ္ပါဒ်ပြတ်တယ်

ဘယ်က စပြတ်သတုံးဆိုတော့ ဒိဋ္ဌိနဲ့ ရောနေတဲ့ တဏှာက စပြတ်တယ်. . . (မှန်လှပါဘုရား)။ ဦးခင်မောင် ဘယ်ကစပြတ်တုံး. . . (ဒိဋ္ဌိနဲ့ ရောနေတဲ့ တဏှာက စပြတ်ပါတယ်ဘုရား)။

ဒိဋ္ဌိနဲ့ တဏှာနဲ့ကတည်း တွဲရက်မို့လား. . . (တွဲရက်ပါဘုရား)။ သဗ္ဗြိုဟ်ရတဲ့ ပုဂ္ဂိုလ်များ လူတိုင်းသိပါတယ် (မှန်လှပါဘုရား)။

လောဘနဲ့ ဒိဋ္ဌိက တွဲရက်ပါကွာ အဲတော့ ဒီလောဘ ဒိဋ္ဌိက ပြတ်မသွားဘူးလား. . . (ပြတ်သွားပါတယ်ဘုရား) ပြတ်သွားတော့ ဥပါဒါန်ကကော. . . (ပြတ်ပါတယ်ဘုရား)။

အင်း ဥပါဒါန်ရှိမှ လာမယ့် ကံကကော. . . (မလာ

ပါဘူးဘုရား)။ မလာတော့ဘူးဆိုတော့၊ ဩော်. . . အနတ္တ လက္ခဏာ ဉာဏ်သည် ဒိဋ္ဌိကို ဖြတ်တယ်လို့ ဆိုတာကော သေချာပလား. . . (သေချာပါတယ်ဘုရား)။

တဏှာလဲ ရောပါသွားလေရဲ့ကော. . . (ဆိုနိုင်ပါ တယ်ဘုရား)။ ဆိုနိုင်ကြပြီမို့လား. . . (ဆိုနိုင်ပါတယ်ဘုရား)။

ဩော်. . . ဒါဖြင့် သာမည မဟုတ်ပါလား ဆိုတဲ့ ဉစ္စာ ဒကာ ဒကာမတွေ ရှင်းသွားတယ်. . . (ရှင်းပါတယ် ဘုရား)။

ဩော်. . . တကယ့် ပဋိစ္စသမုပ္ပါဒ် တကယ်ပြတ်ပါ လားဆိုတော့ ကိုယ်သွားရာ လမ်းခရီးကြီး၊ ကိုယ့်စိတ်စဉ် တန်းကြီး ဒါကြီးကိုပင်လျှင် ဒီအစဉ်တိုင်းသာ ဒိဋ္ဌိမပြုတ်ရင် ဒီအစဉ်တိုင်းသွားပြီးသကာလ အပါယ်လေးပါးကျအောင်ပဲ၊ ခန္ဓာတွေပေါ်ပြီး ဆင်းရမှာ ဖြစ်နေတာကြီး ယခုတော့ဖြင့် အရှင်းကြီး ရှင်းသွားပြီလို့ ဒကာဒကာမတွေဆိုနိုင်ကြပလား (ဆိုနိုင်ပါတယ်ဘုရား)။

## ပဋိစ္စသမုပ္ပါဒ်ပြတ်မပြတ်၊ ချိန်ကြစမ်းပါ

ကိုင်း ဒါဖြင့် ဦးခင်မောင်ရေ ပဋိစ္စသမုပ္ပါဒ် ပြတ် မပြတ် ချိန်ကြစမ်းပါဦး. . . (ပြတ်ပါတယ်ဘုရား)။

ဘယ်ဉာဏ်က ဖြတ်လိုက်ပါလိမ့်. . . (အနတ္တလက္ခ

ဏာဉာဏ်ကပါဘုရား) ကိုင်း ဒကာ ဒကာမတို့ အနတ္တ တစ်လုံးပေါ်ရင် နိဗ္ဗာန်ရောက်ပါတယ်ကွလို့ ပြောတော့ အပေါ်ယံ ဖြစ်နေတယ်. . . (မှန်လှပါဘုရား)။

ခုတော့ အနတ္တလက္ခဏာဉာဏ်က ပဋိစ္စသမုပ္ပါဒ် ဖြတ်လိုက်တယ်ကွဆိုမှ ဩော် သံသရာပြတ်ပေါ့ဆိုတာ သေချာသွားတယ် (မှန်လှပါဘုရား)။

မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။ အင်မတန် အဖိုးတန်သွားပြီ ဒကာ ဒကာမတို့ (မှန်လှပါ ဘုရား) မတန်သေးဘူးလား. . . (တန်ပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ပြတ်အောင် လုပ်နိုင် တာဖြင့် အနတ္တလက္ခဏာဉာဏ် ဆိုတာဖြင့် ဦးဝ သေချာပ လား. . . (သေချာပါပြီဘုရား)။

ဒါဖြင့် ဒါ သင်္ခါရတရား၊ ရှေ့ပိုင်းက ငါးပါးဟာ ဘ၁၂တရားတွေတုံး. . . (သင်္ခါရတရားပါဘုရား) အဲဒီ သင်္ခါရ တရားတွေဟာ ဘယ်တော့မှ မြဲတယ်မရှိဘူးဆိုတော့ ပျက်စီး တာချည့်ပဲ မနေဘူးလား (နေပါတယ်ဘုရား)။

အဲတော့ သင်္ခါရတရားလို့ သိထားတုန်းက အနတ္တ ဉာဏ်ရပြီ၊ အနတ္တ ရသွားပြီ. . . (မှန်လှပါ) ပျက်တာလေး သိလိုက်တော့ အနတ္တ လက္ခဏာဉာဏ် ရသွားပြီ. . . (မှန်လှပါ)။

ဒါဖြင့် အနတ္တ သိတာလည်း ဉာဏ်. . . (မှန်ပါ့) လက္ခဏာသိတာလည်း. . . (ဉာဏ်ပါဘုရား) ဉာဏ်ပဲတဲ့။

## ဒီဉာဏ်သည်၊ပဋိစ္စသမုပ္ပါဒ် အလယ်ကပြတ်တယ်

ဒကာ ဒကာမတို့ အဲဒီဉာဏ်သည် ဘာကိုနှိမ်နင်း ဖျက်ဆီးလိုက်ပါလိမ့်မလဲ မေးလိုက်တဲ့အခါကျတော့မှ ပဋိစ္စ သမုပ္ပါဒ် အလယ်ကဖြတ်ပါတယ်ဘုရားလို့ ဆုံးဖြတ်ချက် ချ. . .(မှန်လှပါဘုရား)။

ဘယ်လိုဆုံးဖြတ်ချက်ချမတုံး. . . (ပဋိစ္စသမုပ္ပါဒ် အလယ်ကဖြတ်ပါတယ်ဘုရား) အင်း ဒိဋ္ဌိတဏှာက စဖြတ် လိုက်တယ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါ တယ်ဘုရား)။

## အစကလည်းပြတ်တယ်

တစ်ခါ ပဋိစ္စသမုပ္ပါဒ် အစကလည်း ဖြတ်ပါတယ် ဘုရားလို့ဆိုရင်လည်း သမ္မာဒိဋ္ဌိက ဝိဇ္ဇာဖြစ်သွားပြန်တယ် (မှန်လှပါဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် အစကလည်းပြတ်၊ အလယ်က လည်းပြတ်သည်ဖြစ်လေသောကြောင့် ဒကာ ဒကာမတို့ နိဗ္ဗာန် ဆုမတောင်းလည်း ရှုသာနေ၊ ရတယ်. . (မှန်ပါ့ ဘုရား)။

ဆုမတောင်းနဲ့တော့. . . (မှန်လှပါ) ဦးဘတင် ဆုတောင်းချင်ရင်. . . (မလိုပါဘူးဘုရား)။ မလိုပါဘူးတဲ့ အဝိဇ္ဇာချုပ်လို့ရှိရင် ဝိဇ္ဇာဥဒပါဒိ ဖြစ်တာပဲ. . . (မှန်လှပါ) သဘောကျပလား. . . (သဘောကျပါတယ်ဘုရား)။

ကောင်းပြီ ဒကာ ဒကာမတို့ ဒါဖြင့် အနတ္တလက္ခဏာ ဉာဏ်ဟာဖြင့် သင်္ခါရတရားကို သိမှ အနတ္တလက္ခဏာဉာဏ် ဟာ ပေါ်မယ်. . . (မှန်လှပါဘုရား)။

သင်္ခါရတရားမသိရင်. . . (အနတ္တလက္ခဏာဉာဏ် ဟာ မပေါ်ပါဘူး ဘုရား) အဲ သင်္ခါရတရားသိတော့မှ သူ များလုပ်ထားတာကိုးလို့ နဂိုက သိထားတော့မှ ဩော်. . . အဲဒီက အနတ္တသိတယ်. . . (မှန်လှပါဘုရား)။

နောက် သင်္ခါရ တရားက သူများလုပ်ထားတာမို့ မခိုင်လို့ ပျက်သွားတဲ့အခါကျတော့မှ လက္ခဏာသိတယ်. . . (မှန်လှပါဘုရား)။

## သင်္ခါရသိမှ အနတ္တလက္ခဏာသိမယ်

ဒါဖြင့် သင်္ခါရကိုမသိပဲနဲ့ အနတ္တလက္ခဏာ သိဖို့ အရေးဟာဖြင့် မရှိဘူးလို့ မှတ်လိုက်. . . (မှန်လှပါဘုရား) ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

သင်္ခါရသိမှနော်. . . (မှန်လှပါဘုရား) အနတ္တ

လက္ခဏာသိနိုင်တယ် (မှန်လှပါဘုရား) စကားကတော့ဖြင့် တခြားစီပဲလို့ ထင်ချင်ထင်ကြမယ်ပေါ့ဗျာ. . . (မှန်လှပါ)။

သို့သော်လည်း ကိုမြရွှေတို့၊ ဒကာသစ်တို့က စဉ်းစားလိုက်၊ သင်္ခါရ မသိပဲနဲ့ အနတ္တသိပါတယ်ဆိုရင် အလကားပြောတာ. . . (မှန်လှပါဘုရား)။

ဦးခင်မောင် ဘယ်လိုဆုံးဖြတ်ချက်ချ. . . (သင်္ခါရ မသိပဲနဲ့ အနတ္တ သိပါတယ်ဆိုရင် အလကား ပြောတာပါဘုရား) ယုံကောယုံပလား. . . (မယုံပါဘူးဘုရား)။

ကဲ ဒါဖြင့် သင်္ခါရတရားဆိုတာ သူများပြုပြင်ထားတာသိတော့မှ အနတ္တက အဲဒီအချိန်မှ စပေါ်တာဗျ. . . (မှန်လှပါ) သူများပြုပြင်ထားတဲ့ တရားမှန်းသိတော့ ဘာလာပေါ်တုံး. . . (အနတ္တပေါ်ပါတယ်ဘုရား)။

သူများပြုပြင်ထားတဲ့ တရားလေးဟာ ပြုပြင်တဲ့အတိုင်း မခိုင်တာလေးမြင်တော့မှ ဘာပေါ်လာတုံး. . . (လက္ခဏာပေါ်လာပါတယ်ဘုရား)၊ ဒါဖြင့် **"သင်္ခါရာသဿတာ နတ္ထိ"** ဆိုတာ ပေါ်လာတယ်. . . (မှန်လှပါဘုရား)။

သင်္ခါရာ = သင်္ခါရတို့သည်၊ သဿတာ = ခိုင်မြဲကုန်သည်၊ နတ္ထိ = ဘယ်တော့မှ မရှိဘူးလို့ မင်းတို့ ဆုံးဖြတ်ချက်ချ . . . (မှန်လှပါဘုရား)၊ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

သင်္ခါရဆိုတာ ဘယ်တော့မှ မခိုင်မြဲဘူးလို့ မင်းတို့ ရှုရမယ် (မှန်လှပါဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

သင်္ခါရဟာ. . . (ဘယ်တော့မှ မခိုင်မြဲပါဘူး ဘုရား) အဲ ခင်ဗျားတို့ တစ်ကိုယ်လုံးကလည်း သင်္ခါရ ခန္ဓာကိုယ် (မှန်လှပါဘုရား)။

ပေါ်လာတာလေးတွေ ဘယ်တော့မှ မခိုင်ဘူးလို့သာ ရှုနေလို့ရှိရင် ပဋိစ္စသမုပ္ပါဒ် ပြတ်မပြတ်. . . (ပြတ်ပါတယ် ဘုရား) အစကလည်း. . . (ပြတ်ပါတယ်ဘုရား)။

အလယ်ကလည်း. . . (ပြတ်ပါတယ်ဘုရား) နိဗ္ဗာန် မှ ရောက်ပဲ့မလား. . . (ရောက်ပါတယ်ဘုရား) နိဗ္ဗာန် ဆိုတာ တခြားလား၊ ပဋိစ္စသမုပ္ပါဒ် နောက်ဆက်မလာတာ ဆိုတာလား. . . (ပဋိစ္စသမုပ္ပါဒ် နောက်ဆက်မလာတာ ဆိုတာပါဘုရား)။

နောက်ဆက်လာရင် ဘာသစ္စာ. . . (ဒုက္ခသစ္စာပါ ဘုရား) အဲဒီနောက်ဆက်မလာတော့ ဒုက္ခချုပ်တာ. . . (မှန်ပဲ့) ဒုက္ခချုပ်တာ ဘာခေါ်ကြ. . . (နိဗ္ဗာန်ပါဘုရား)။

## ဒုက္ခချုပ်သွားတာ နိဗ္ဗာန်

ဩော်. . . နိဗ္ဗာန်ဆိုတာ မြို့ကြီး၊ ပြကြီးလား မှတ် နေတယ် စင်စစ်တော့ ဒုက္ခချုပ်သွားတာကိုး. . . (မှန်လှပါ ဘုရား)။

ဘယ်လိုဆုံးဖြတ်ချက်ချ. . . (ဒုက္ခချုပ်သွားတာပါဘုရား)။ ဒုက္ခချုပ်သွားတာကိုးဆိုတာ ကောင်းကောင်းကျေနပ်ပလား. . . (ကျေနပ်ပါတယ်ဘုရား)။

ဩော်. . . ဒကာ ဒကာမတို့ တယ်နေရာကျပါလား. . . ဒါဖြင့် အခုဆရာဘုန်းကြီး ဟောလိုက်တော့ အနတ္တလည်းသိတယ် ယနေ့. . . (မှန်လှပါ) အနတ္တလက္ခဏာလည်း. . . (သိပါတယ်ဘုရား)။

ဉာဏ်လည်းရပြီ. . . (မှန်ပါ) ဒီဉာဏ်က ဘာကိုဖြတ်တယ်ဆိုတာလဲ ဦးခင်မောင်တို့ရပြီ. . . (ရပါတယ်ဘုရား) ဒိဋ္ဌိ တဏှာကို ဘယ့်နှယ့်နေတုံး. . . (ဖြတ်ပါတယ်ဘုရား)။

ဩော်. . . ပဋိစ္စသမုပ္ပါဒ် အစကလည်းပြတ်၊ အလယ်ကလည်းပြတ်တယ်ဆိုတာ မသေချာလား. . . (သေချာပါတယ်ဘုရား)။

## သုဘဒ်ရဟန်းကမေးတယ်

ဒါကြောင့် မနေ့က သုဘဒ်ကို ပြန်ဆက်လိုက်. . . (မှန်လှပါဘုရား) သုဘဒ် ရဟန်းက မေးလိုက်တယ်၊ အရှင်ဘုရား မရှိသည့်နောက် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တွေဟာ အရှင်ဘုရားလည်း ပရိနိဗ္ဗာန်စံရော အားလုံးကွယ်

တော့ မှာပဲလားဆိုတာ မေးတယ်. . . (မှန်လှပါဘုရား)။

ဟော့ သုဘဒ် ဘုရားကဖြေပြီ. . . (မှန်လှပါ)၊ **"လ္လောကမေစ သုဘဒ္ဒဘိက္ခူ သမ္မာဝိဟရေယျုံ အသုညော လောကော အရဟန္တေဟိအဿ"**

**သုဘဒ္ဒ** = သုဘဒ်ရဟန်း၊ **လ္လောကမေ** = ဤလောကမှာနေတဲ့ ပုဂ္ဂိုလ်အပေါင်းတို့သည်၊ **သမ္မာ** = မဖောက်မပြန် အနတ္တ၏ လက္ခဏာကိုသိနေသည်ဖြစ်ပါအံ့။ မဖောက်မပြန် အနတ္တ၏ လက္ခဏာကိုသိနေသည်ဖြစ်ပါအံ့။ မဖောက်မပြန်ကိုသိရမယ် နော်. . . (မှန်လှပါဘုရား)။

အနတ္တလည်းသိ၊ လက္ခဏာလည်းသိပေါ့ဗျာ. . . (မှန်လှပါဘုရား)၊ သမ္မာ = ကောင်းစွာ၊ **ဝိဟရေယျုံ** = အနတ္တ လက္ခဏာကို ကျင့်ကြံပြီးနေခဲ့ကြကုန်သည်ဖြစ်ပါအံ့၊ **အရဟန္တေဟိ** = ရဟန္တာတို့မှ၊ **အသုညော** = မဆိတ်သည်၊ အဿ = ဖြစ်ရာ၏. . . (မှန်လှပါ)။

## ဆရာကောင်းနဲ့ တွေ့လို့ကျင့်ရင် ရဟန္တာတောင် မဆိတ်သုဉ်းဘူး

ငါမရှိတာ ဘာမှမဆိုင်ဘူးကွ. . . (မှန်လှပါ) ဒီခုပြော တတ်တဲ့ ဆရာနဲ့ ပြောပြီးသကာလ မင်းတို့ သူပြောတဲ့အတိုင်း ကျင့်လိုက်လို့ရှိရင်၊ ဘယ်အချိန်မဆို ရဟန္တာ မဆိတ်ဘူးဆိုသဖြင့်

သောတာပန်၊ သကဒါဂါမ်မလိုတော့ဘူး. . . (မှန်လှပါဘုရား)၊ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

**ဘယ်သူပြောတာမှမယုံနဲ့ ဘုရားပြောတာကိုယုံ**

ဒါဖြင့် ဒကာ ဒကာမတို့ ဘယ်သူပြောတာမှ မယုံနဲ့ ဘုရားခု ပရိနိဗ္ဗာန်စံခါနီးပြောတာ တစ်ထစ်ချ မှတ်လိုက်တော့ . . . (မှန်လှပါဘုရား)။

သုဘဒ်ရဟန်းက မေးတာလည်း ဦးခင်မောင်သေချာပြီလား. . . (သေချာပါတယ်ဘုရား)၊ အရှင်ဘုရား ပရိနိဗ္ဗာန်စံတော့မှာ အရှင်ဘုရားမရှိရင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာကွယ်ရတော့မှာလား။

ဒါ နောင်လာ နောက်သားတွေ ဆင်ခြေတက်မှာစိုးလို့ မေးတာ. . . (မှန်လှပါဘုရား) ဟော့! ဘယ်တော့မှ မကွယ်ဘူးကွ၊ ကောင်းအောင်သာကျင့်ပြီး၊ အနတ္တ၏ လက္ခဏာ၊ အနတ္တနဲ့ လက္ခဏာကို ရှင်းအောင်သာ မင်းတို့က ကြည့်ပြီး ဟောတတ်တဲ့ ဆရာနဲ့ပေါင်း။

ပေါင်းပြီသကာလ မင်းတို့ ဒီဉာဏ်ရပစေ. . . (မှန်လှပါ)။ ဒီဉာဏ်ရရင် ဒီပဋိစ္စသမုပ္ပါဒ် ပြတ်တာဟာ နိဗ္ဗာန်ပဲ. . . (မှန်ပါ့)

ပထမပြတ်ရင် သောတာပန် ဖြစ်မှာပဲ. . . (မှန်ပါ့) ဒုတိယပြတ်ရင်. . . (သကဒါဂါမ်ပါဘုရား)။

နောက် တတိယ ပြတ်သွားရင်. . . (အနာဂါမ်ပါဘုရား) အဲ ပဋိစ္စသမုပ္ပါဒ်က လေးမျိုးရှိတာကိုး. . . (မှန်လှပါ)။

သောတာပန် ဖြတ်နိုင်တဲ့ ဉစ္စာက ဒိဋ္ဌိဝိစိကိစ္ဆာ ပဋိစ္စသမုပ္ပါဒ်သာ ဖြတ်နိုင်တာ. . . (မှန်လှပါဘုရား)။

သကဒါဂါမ်၊ အနာဂါမ် ဖြတ်နိုင်တာက ကာမရာဂ၊ ရူပရာဂနဲ့ဖြတ်တဲ့ ပဋိစ္စသမုပ္ပါဒ် အစအဆုံး ဒါကိုသာ ဖြတ်နိုင်တာကိုး. . . (မှန်လှပါဘုရား)။

ရဟန္တာကတော့ ပဋိစ္စသမုပ္ပါဒ် ဆိုလို့ရှိရင် လုံးလုံးကို ဖြတ်ချလိုက်တာ. . . (မှန်လှပါဘုရား) သဘောကျပလား (ကျပါတယ်ဘုရား)။

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်က လေးမျိုးရှိတော့ကိုး ပထမ အမျိုးကနေပြီး ဒိဋ္ဌိဖြတ်တာက ဒီအနတ္တနဲ့ ဖြတ်ယူကြပါ. . (မှန်လှပါ) သဘောကျပလား. . . (ကျပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေ ဘယ်တရားလေးပေါ်လာ ပေါ်လာ ပေါ်လာတာ ဘာခေါ်ကြမတုံး. . . (အနတ္တပါဘုရား) ပျက်သွားတာကတော့. . . (လက္ခဏာပါဘုရား) မသိဘူးလား. . . (သိပါတယ်ဘုရား)။

သိတာလေးက ဘာဆိုကြမယ်. . . (အနတ္တလက္ခဏာညာဏ်ပါဘုရား)။

## ဒီညာဏ်ကပဋိစ္စသမုပ္ပါဒ်ဖြတ်တယ်

အဲဒီညာဏ်လေးဟာ ဘာဖြတ်ပါလိမ့်. . . (ပဋိစ္စသမုပ္ပါဒ် အစကော၊ အလယ်ကော ဖြတ်ပါတယ်ဘုရား)။ အစကော၊ အလယ်ကော ဖြတ်တယ်. . . (မှန်လှပါဘုရား)။

အစက ဖြတ်လိုက်တော့ ဝိဇ္ဇာ ဥဒပါဒိဖြစ်တယ်. . (မှန်လှပါဘုရား) သဘောကျပလား. . . (မှန်လှပါဘုရား) အစဖြတ်လိုက်တော့. . . (ဝိဇ္ဇာဥဒပါဒိပါဘုရား)။

ဝိဇ္ဇာဥဒပါဒိ ဖြစ်ပြီဆိုတာ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။ အလယ်က ဖြတ်လိုက်တော့ တဏှာနိရောဓော သွားဖြစ်တယ်. . . (မှန်လှပါဘုရား)။

သဘောကျပလား. . . (ကျပါတယ်ဘုရား) အစက ဖြတ်လိုက်တော့. . . (ဝိဇ္ဇာဥဒပါဒိပါဘုရား) အလယ် ဖြတ်လိုက်တော့ (တဏှာနိရောဓောပါဘုရား)။

ဒါဖြင့် တဏှာနိရောဓော နိဗ္ဗာန်ပဲ. . . (မှန်လှပါ) ဝိဇ္ဇာဥဒပါဒိဆိုတာလည်း နိဗ္ဗာန်မြင်တဲ့ညာဏ်ဖြစ်ပေ့ါလို့ ပြောတာပဲ. . . (မှန်လှပါဘုရား) ထူးသေးရဲ့လား. . . (မထူးပါဘူးဘုရား)။

## ဘယ်အချိန်လုပ်လုပ် ရဟန္တာဖြစ်နိုင်တယ်

အဲဒါ အသေအချာမပိုင်သေးဘူးလား. . . (ပိုင်ပါတယ်ဘုရား) အဲတော့ ဘယ်အချိန်လုပ်လုပ် ခင်ဗျားတို့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်နိုင်တယ် ဆိုတာ ဆုံးဖြတ်ချက်ချလုပ်ပါ. . . (မှန်လှပါဘုရား)။ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ကဲ ယနေ့ဒီတွင် တော်ပါဦး။

သာဓု . . . သာဓု . . . သာဓု။